# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပို့တွဲလဆန်း (၁၂) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (21-2-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ

## တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. **Wang Yubo** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်

အယ်ဒီတာ့အာဘော်

# ကောလာဟလသတင်းများကို ပြည်သူများစိုးရိမ်ထိတ်လန့်မှုမရှိစေရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့်အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီ ၁၀ ရက်ဖြင့် ထုတ်ပြန်ခဲ့သည်။ စတင်အာဏာသက်ဝင်လာပြီဖြစ်သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂၇/ ၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ)အရ ယခုကဲ့သို့ စတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ထုတ်ပြန်ပြီးသည့်နောက်ပိုင်းတွင် ထွက်ပေါ်နေသည့် ကောလာဟလသတင်းများ၊ စိုးရိမ်ထိတ်လန့်မှုများအတွက် ပြည်သူများနှင့် လူငယ်လူရွယ်များ သိရှိထားရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းသည့်အပေါ် ရပ်ရွာအေးချမ်းသာယာရေး မလိုလားသူများက အများပြည်သူကို ထိတ်လန့်တုန်လှုပ်ချောက်ချားစေရန် ရည်ရွယ်ပြီး ပေါ်တာဆွဲနေကြောင်း၊ ဖမ်းဆီးနေကြောင်း မဟုတ်မမှန်လုပ်ကြံသတင်းများ ထုတ်လွှင့်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အသိသတိရှိစွာ ပြည်ဖျက်မီဒီယာများ၏လှုံ့ဆော်မှုများကို သတိထားကြရန် လိုပါသည်။

ထို့ပြင် မီဒီယာအချို့နှင့် လူမှုကွန်ရက်စာမျက်နှာအချို့တွင်လည်း ပြည်သူများ ပြည်ပထွက်ခွာမှုကို တားဆီးပိတ်ပင်နေကြောင်း ကောလာဟလများ ထုတ်လွှင့်နေပါသည်။ ပြည်ပထွက်ခွာခွင့်နှင့်ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာညွှန်ကြားချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်ခြင်းမရှိပေ။ စိစစ်တားဆီးခြင်းမရှိဘဲ လေဆိပ်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဝင်ထွက်ဂိတ်များတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုခြင်းကို စနစ်တကျ ဝင်ထွက်ခွင့်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကောလာဟလသတင်းများ ထုတ်လွှင့်နေခြင်းသည် လူငယ်လူရွယ်များကို ပစ်မှတ်ထားပြီး လူငယ်လူရွယ်များ တောထဲရောက်စေရန်၊ အကြမ်းဖက်လမ်းစဉ်ကိုရောက်စေရန် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့များက လှုံ့ဆော်တိုက်တွန်းနေခြင်းသာဖြစ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းအတွက် အကျိုးကျေးဇူးရလဒ်များအနေဖြင့် မိမိနိုင်ငံကိုကာကွယ်ရန်၊ မိမိနိုင်ငံကို ကာကွယ်နိုင်သည့် အသိပညာများ၊ အတတ်ပညာများကို လူငယ်တိုင်း၊ နိုင်ငံသူ၊ နိုင်ငံသားတိုင်းတတ်မြောက်သွားမည်ဖြစ်ပေသည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်လျက် မျိုးချစ်စိတ်ဓာတ်ရှိသူများ၊ နိုင်ငံချစ်စိတ်ရှိသူများအချင်းချင်း၊ မိတ်ဆွေများအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်များရရှိသွားမည်ဖြစ်သည်။ ထို့အတူ တစ်ဦးချင်း စည်းကမ်းလိုက်နာလိုသည့်စိတ်များ၊ တစ်ဦးချင်း စည်းကမ်းတကျ ဘယ်လိုနေရမည်ဆိုသည်တို့ကို ရရှိသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသည့်သူများက အများပြည်သူထိတ်လန့်တုန်လှုပ်ချောက်ချားစေရန်ရည်ရွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ညဘက်များတွင် ပေါ်တာဆွဲနေကြောင်း၊ ပိုက်ဆံပေးလျှင် ပိုက်ဆံယူပြီး ပြန်လွှတ်ပေးနေကြောင်း သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်နေခြင်းအပေါ် ပြည်သူများအနေဖြင့် စိုးရိမ်ထိတ်လန့်မှုမရှိဘဲ သတင်းမှန်ထုတ်ပြန်မှုများကိုသာ အလေးထားယုံကြည်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# အောင်မြေသာစံမြို့နယ်ရှိ လူမှုဖူလုံရေးအာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ် ၁၆၈ သန်းကျော် ခွင့်ပြုထုတ်ပေးထား



**မန္တလေး ဖေဖော်ဝါရီ ၂၀**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ် ၁၆၈ သန်းကျော် ခွင့်ပြုထုတ်ပေးထားကြောင်း အဆိုပါလူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ ခွင့်ပြုပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ၂၀၂၃ ခုနှစ် ဧပြီလမှ ယနေ့ထိ အလုပ်သမားအမှုတွဲပေါင်း ၁၂၆၇ မှုရှိပြီး အများစုမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု၊ လုပ်ငန်းခွင်ထိခိုက်မှု၊ ဆေးကုသမှုကုန်ကျစရိတ်များ ပြန်လည်ထုတ်ပေးခြင်း စသည့်အကျိုးခံစားခွင့်များ တောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ် ၁၆၈ သန်းကျော်ကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"လူမှုဖူလုံရေးဥပဒေအရ မမာမကျန်းတာတွေ၊ မီးဖွားတာတွေ၊ အလုပ်ခွင် ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေ ကောက်ခံထားတာဖြစ်တယ်။ ဖော်ပြထားတဲ့လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ရာခိုင်နှုန်းတွေအတိုင်း လာရောက်တောင်းခံတာနဲ့ အနည်းဆုံး တစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နာမကျန်းဖြစ်လို့ ဆေးဝါးကုသခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာလျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးပါတယ်"ဟု ဒေါ်မိုးမိုးသွယ်က ပြောပြ၍ သိရသည်။

အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားပြီး အလုပ်သမားများကို အာမခံထားပေးခြင်းအားဖြင့် အလုပ်သမား၏ မကျန်းမာမှု၊ မီးဖွားမှု၊ ဖခင်ဘဝဖြစ်မှု၊ နာရေးစရိတ်၊ ဆေးဖိုး၊ ခရီးစရိတ်များအပြင် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဖြစ်ပွားသည့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်းမသန်စွမ်းမှု၊ ကျန်ရစ်သူ အကျိုးခံစားခွင့်များပါ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သမဝါယမအသင်းသားများကို ငွေကျပ် ၁၁၉ သန်းကျော် ထုတ်ချေးပေးမည်

**မန္တလေး ဖေဖော်ဝါရီ ၂၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သမဝါယမအသင်းသားများကို ငွေကျပ် ၁၁၉ သန်းကျော် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ မြို့နယ်ငါးမြို့နယ်ရှိ သမဝါယမအသင်းသားများ လူမှုစီးပွားဘဝ မြင့်တင်ရေးစီမံကိန်းအတွက် လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်ငါးမြို့နယ်မှ သမဝါယမအသင်း ကိုးသင်း၊ အသင်းသားဦးရေ ၂၁၀၊ မွေးမြူမည့် တိရစ္ဆာန်အကောင်ရေ ၆၁၅ ကောင်အတွက် ငွေကျပ် ၁၁၉ သန်းကျော်ကို ထုတ် ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဘဏ္ဍာနှစ်မှာ သမဝါယမအသင်းအနေနဲ့ မွေးမြူရေးလုပ်ငန်းတွေအတွက် မြို့နယ်ငါးမြို့နယ်ကို ထုတ်ချေးပေးသွားမှာပါ။ နွား ၂၁၂ ကောင်၊ ဆိတ်အကောင်ရေ ၃၄၀၊ ဝက် ၆၃ ကောင်အတွက်ပါ။ ထုတ်ချေးပေးသွားမဲ့နှုန်းထားတွေကတော့ နွားကို နွားထီး၊ နွားမ ခွဲပြီးတော့ တစ်ကောင်ကို ငွေကျပ် ၄၀၀၀၀၀၊ ၅၀၀၀၀၀ ဆိုပြီး ထုတ်ချေးပေးသွားမှာပါ။ ဆိတ်အနေနဲ့ တစ်ကောင်ကို ငွေကျပ် ၅၀၀၀၀ နှုန်းပါ။ ဝက်အနေနဲ့ တစ်ကောင်ကို ငွေကျပ် ၈၀၀၀၀ နှုန်းနဲ့ ထုတ်ချေးပေးသွားမှာပါ။ ကျေးရွာသူ၊ ကျေးရွာသားတွေနဲ့ ကျေးရွာအသင်းအဖွဲ့တွေ စွမ်းဆောင်ရည်မြင့်မားလာခြင်းကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီးတော့ ထုတ်ချေးပေးတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

အဆိုပါ မွေးမြူရေးလုပ်ငန်းအတွက် ထုတ်ချေးပေးသွားမည့် မြို့နယ်များမှာ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ တောင်သာမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း၊ အတိုးနှုန်းအနေဖြင့် ငွေကျပ် ၁၀၀ လျှင် တစ်ကျပ်နှုန်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၂၆၀၀ ကျော်ရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၂၀**

မန္တလေး ဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု တစ်ရက်လျှင် ဦးရေ ၂၆၀၀ ကျော်ထိ ရှိလာကြောင်း အမှတ်(၁၊ ၂၊ ၃)ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်းလမ်းကြောင်းများဖြစ်သည့် ဈေးချိုတော်၊ ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ မန္တလေးတောင် စသည့်လမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့မှာ လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းမှုအများဆုံးကတော့ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်တဲ့ ခရီးသည်တွေပါ။ မန္တလေးမြို့တွင်း နယ်ကနေလာတဲ့လိုင်းကားစီးနင်းပြီး ဘုရားဖူးတဲ့ခရီးသည်တွေ တော်တော်လေးများလာတယ်။ အခုလတ်တလော လိုက်ပါစီးနင်းမှု အများဆုံးလမ်းကြောင်းကတော့ ဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနဲ့ ရွှေကျောင်းကြီးဘက်ကိုပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှုအများဆုံးပါ"ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးမြို့တွင်းလမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ ဖေဖော်ဝါရီလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၂၃၀၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၂၆၀၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ် မကြီးချိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကြီးချိုကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေလေလွင့်မှုမရှိစေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်ကျေးရွာစိတ်ဓာတ်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က မကြီးချိုကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မကြီးချိုကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၂၈၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၈၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**



**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ Health Care Mandalar က ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်၊ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာဦးသက်နိုင်တို့က လက်ခံရယူစဉ်။**

# မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတားတွင် ရေပိုက်လိုင်းသွယ်တန်းပြီး ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ သောက်သုံးရေအခက်အခဲဖြစ်သည့်မြို့နယ်များသို့ ပို့လွှတ်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသည့် မြို့နယ်များသို့ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတားတွင် ရေပိုက်လိုင်းသွယ်တန်းတပ်ဆင်ပြီး သောက်သုံးရေပို့လွှတ်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (လမ်း၊ တံတားဌာန)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဆွေဆွေမော်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်တို့တွင် သောက်သုံးရေအတွက် စက်ရေတွင်းများ တူးဖော်ရာတွင် ရေငန်သာ ထွက်ရှိသည့်အတွက် သောက်သုံးရေအခက်အခဲရှိသဖြင့် နွေကာလတွင် ရေသယ်ယာဉ်များ၊ စက်တပ်လှေငယ်များဖြင့် သောက်သုံးရေဖြန့်ဝေမှုများ ပြုလုပ်နေရကြောင်း၊ ထို့ကြောင့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ) မြစ်ကူးတံတား တည်ဆောက်ရာတွင် ရန်ကုန်မြစ်တစ်ဖက်ကမ်းရှိ မြို့နယ်များ သောက်သုံးရေရရှိစေရန်အတွက် ရေပိုက်လိုင်းများသွယ်တန်းခြင်းကိုပါ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်နေကြောင်း သိရသည်။

"ရန်ကုန်မြစ်တစ်ဖက်ကမ်းက မြို့နယ်တွေမှာ နွေရာသီရောက်တိုင်း သောက်သုံးရေခက်ခဲမှုဖြစ်ပေါ်လေ့ရှိပါတယ်။ ဒါကြောင့် ဒလမြစ်ကူးတံတားမှာ ရေပိုက်လိုင်းသွယ်တန်းဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု လက်ထောက်အင်ဂျင်နီယာ ဒေါ်ဆွေဆွေမော်က ပြောပြသည်။

အဆိုပါမြို့နယ်များသို့ သောက်သုံးရေဖြန့်ဝေနိုင်ရန် တည်ဆောက်ဆဲ မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတားပေါ်မှတစ်ဆင့် သုည ဒသမ ၅ မီတာ (၁ ဒသမ ၅ ပေ)အချင်းရှိသော ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်း၊ တံတားဌာန)မှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဆွေဆွေမော်က ပြောပြ၍ သိရသည်။

ASH

# လင်းခေးမြို့နယ် တိညျကျေးရွာ၌ ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**လင်းခေး ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တိညျကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကွန်ကရစ်တံတား တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက တိညျကျေးရွာ၌ ကွန်ကရစ်တံတား တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

လင်းခေးမြို့နယ် တိညျကျေးရွာ၌ အရှည် ၁၄ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်ပေရှိ ကွန်ကရစ်တံတား တည်ဆောက်နေမှုကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ ဒသမ ၀၆ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၉၄ သန်း စုစုပေါင်းငွေကျပ် ၁၁ သန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူက ပြောပြ၍ သိရသည်။

**အေးသူ**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ဧက ၃၀၅၀ ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ဧက ၃၀၅၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်ခန့်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖူးစားပြောင်းဧက ၃၀၅၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးချိန်မှာ လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ဖို့ နည်းလမ်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေက မြေပြင်ကွင်းဆင်းကြီးကြပ်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒေသခံတောင်သူတွေရဲ့ ဖူးစားပြောင်းတွေကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်လောက်ကစပြီး ရိတ်သိမ်းခဲ့တာ ဒီနေ့ထိ ဧက ၃၀၅၀ ရိတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ပြောင်းဖူး ၁၅၀၀၀ လောက် ထွက်ရှိပါတယ်။ အခုနှစ်မှာ ဖူးစားပြောင်းက ဈေးကောင်းရရှိလို့ တောင်သူတွေ စီးပွားရေးတွက်ခြေကိုက်ကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဖူးစားပြောင်းစိုက်ပျိုးရေးကို နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး အဓိကစိုက်ပျိုးသည့် ဖူးစားပြောင်းမျိုးမှာ ရိုးရိုးသကြားပြောင်းနှင့် ပန်းရွှေသကြားပြောင်းမျိုးကို စိုက်ပျိုးကြကြောင်း၊ ဖူးစားပြောင်းစိုက်ပျိုးခြင်းဖြင့် ပြောင်းဖူးရောင်းချရသည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်အစာအဖြစ်ပါ ရောင်းချရသောကြောင့် တောင်သူများ ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ရန်ကုန်တက္ကသိုလ်နှင့် ရှေးဟောင်းသုတေသနပညာဌာန

မြန်မာနိုင်ငံ၏ ပညာရေးဆိုင်ရာ ပထမဆုံး တက္ကသိုလ်ဖြစ်သည့် ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ်တွင် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ခဲ့သည့် ၇၄ နှစ်ပြည့်သည်ထိ ရန်ကုန်တက္ကသိုလ်တွင် ရှေးဟောင်းသုတေသနပညာရပ်ကို မပို့ချနိုင်ခဲ့ဘဲ ရှေးဟောင်းသုတေသနပညာရပ်နှင့် ဆက်နွှယ်နေသည့် သမိုင်းဘာသာရပ်ကို သာပို့ချခဲ့သည်။

သို့သော် ရန်ကုန်တက္ကသိုလ် စိန်ရတုမတိုင်မီ တစ်နှစ်အလို ၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ရှေးဟောင်းသုတေသနပညာဌာနကို ထူထောင်ခဲ့ကာ ရှေးဟောင်းသုတေသနပညာမျိုးဆက်သစ်များကို နှစ်စဉ်မွေးထုတ်ပေးနိုင်ခဲ့သည်။ ရှေးဟောင်းသုတေသနပညာဌာနကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ ဦးဆောင်အားထုတ်မှုဖြင့် ရန်ကုန်တက္ကသိုလ်တွင် ဦးစွာဖွင့်လှစ်ခဲ့ပြီး မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် ဆက်လက်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းများကို ဗြိတိသျှအစိုးရလက်ထက်ကပင် ပြုလုပ်ခဲ့သော်လည်း ပညာရပ်ကို စနစ်တကျ သင်ကြားပို့ချပေးမှုသည် ၁၉၉၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် တရားဝင်စတင်ခဲ့သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်တက္ကသိုလ်ရှေးဟောင်းသုတေသနပညာဌာနတွင် ၂၅ နှစ်ပြည့် ငွေရတုသဘင်ကို ကျင်းပခဲ့သည်။

**ရာပြည့်အလွန် ရန်ကုန်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ သက်တမ်း ၁၀၄ နှစ်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုဖြစ်စဉ်များနှင့် ဆက်နွှယ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း စာပေ၊ နိုင်ငံရေးနှင့်ပညာရေးနယ်ပယ်အသီးသီးတွင် ထက်မြက်ထူးချွန်သည့် ပုဂ္ဂိုလ်များစွာကို မွေးထုတ်ပေးခဲ့သကဲ့သို့ ယခုအချိန်တွင်လည်း မျိုးဆက်သစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ပြုစုပျိုးထောင်ပေးလျက်ရှိနေသည်။

ဗြိတိသျှအစိုးရသည် ၁၈၇၈ ခုနှစ်တွင်ကလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ တက္ကသိုလ်ပညာရေးစနစ်ကို ရန်ကုန်မြို့တွင် စတင်ကျင့်သုံးခဲ့သည်။ ထိုစဉ်က ဥပစာတန်းစာမေးပွဲကို ဖြေဆိုလိုသူ မြန်မာနိုင်ငံသားများသည် အိန္ဒိယနိုင်ငံ ကလကတ္တားတက္ကသိုလ်တွင် သွားရောက်ဖြေဆိုကြရသဖြင့် ၎င်းတို့ကို ရန်ကုန်အစိုးရအထက်တန်းကျောင်း (ယခု လသာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း)တွင် တက္ကသိုလ်အဆင့် စာပေများကိုပို့ချပေးခြင်းဖြင့် တက္ကသိုလ်ပညာရေးစနစ်ကို စတင်ခဲ့သည်။

၁၈၈၄-၁၈၈၅ ခုနှစ်တွင် ရန်ကုန်အစိုးရအထက်တန်းကျောင်းကို ရန်ကုန်ကောလိပ်အဖြစ်ဖွဲ့စည်းကာ မြန်မာနိုင်ငံပညာရေး ဆင်ဒီကိတ်အဖွဲ့က စီမံအုပ်ချုပ်၍ မစ္စတာဂျေအိပ်ချ်ဂီးလ်ဗတ် (J.H.Gilbert) က ရန်ကုန်ကောလိပ် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို အစိုးရကတာဝန်ယူခဲ့ပြီး ရန်ကုန်အစိုးရကောလိပ်ဟု ထင်ရှားခဲ့သည်။

ထိုစဉ်က ရန်ကုန်ကောလိပ်သည် ကလကတ္တားတက္ကသိုလ်၏ ကြီးကြပ်မှုအောက်တွင်ရှိခဲ့သဖြင့် လွတ်လပ်သောတက္ကသိုလ်အဖြစ်သတ်မှတ်ပေးရန် ၁၈၉၂ ခုနှစ်မှစ၍ လှုံ့ဆော်မှုများကိုပြုလုပ်ခဲ့ရာ ၁၉၁၃ ခုနှစ်တွင် အိန္ဒိယအစိုးရက ရန်ကုန်မြို့တွင် သီးခြားတက္ကသိုလ်တစ်ခုတည်ထောင်မည့် မူဝါဒချမှတ်ထားကြောင်း ဗြိတိသျှအောက်လွှတ်တော်တွင် ပြောဆိုခဲ့သည်။

၁၈၉၄ ခုနှစ်တွင် ရန်ကုန်မြို့ရှိ အမေရိကန်သာသနာပြုအဖွဲ့သည် မြန်မာနိုင်ငံမှကျောင်းသားများ ကလကတ္တားတက္ကသိုလ်သို့ သွားရောက် ပညာသင်ယူနိုင်ရန် ကူရှင်ကျောင်း၌ ဥပစာတန်းကို စတင်ဖွင့်လှစ်ခဲ့သည်။ ရန်ကုန်ကောလိပ်ကို အစိုးရက ဖွင့်လှစ်ထားချိန်တွင် အမေရိကန်သာသနာပြုအဖွဲ့က ရန်ကုန်ကောလိပ်နှင့်အပြိုင် ကောလိပ်တစ်ခုကို ၁၉၁၈ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဂျပ်ဆင်ကောလိပ်(ယုဒသန်ကောလိပ်) ဟု အမည်ပေးခဲ့သဖြင့် ရန်ကုန်မြို့တွင် ကောလိပ်နှစ်ခုရှိလာခဲ့သည်။

၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် မြန်မာပြည် ဥပဒေပြုကောင်စီက ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို အတည်ပြုခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်ကောလိပ်နှင့်ဂျပ်ဆင်ကောလိပ်ကို ပေါင်းစည်း၍ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ကာ မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က တက္ကသိုလ်အဓိပတိတာဝန်ကို ယူခဲ့သည်။ ရန်ကုန်တက္ကသိုလ်စတင်ဖွင့်ခဲ့စဉ် ရန်ကုန်ကောလိပ်တွင် သင်တန်းသား ၆၉၂ ဦးနှင့် ဂျပ်ဆင်ကောလိပ်တွင် သင်တန်းသား ၁၃၇ ဦး တက်ရောက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်ကျင်းပခဲ့သော်လည်း ထိုအချိန်က ဘွဲ့နှင်းသဘင်အဆောက်အအုံကို မဆောက်လုပ်ရသေးချေ။ ၁၉၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဘွဲ့နှင်းသဘင်အဆောက်အအုံကို တည်ဆောက်ခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဘွဲ့နှင်းသဘင်အခမ်းအနားများကို နှစ်စဉ်ကျင်းပနိုင်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ တက္ကသိုလ်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်၊ ဆေးကောလိပ်၊ ဆရာဖြစ်သင်ကောလိပ်၊ စိုက်ပျိုးရေးကောလိပ်နှင့် မန္တလေးဥပစာကောလိပ်ဟူ၍ ကောလိပ်ခြောက်ခုရှိခဲ့သည့်အနက် မန္တလေးဥပစာကောလိပ်ကို ရန်ကုန်တက္ကသိုလ်က စီမံကွပ်ကဲခဲ့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာချိန်တွင် ရန်ကုန်တက္ကသိုလ်ကို ၁၉၄၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ပိတ်ခဲ့သည်။ စစ်အတွင်းအရေးပေါ်တက္ကသိုလ်ကို တာမွေမြို့နယ် ဖျိုင်းရေအိုးစင်လမ်းတွင် ဖွင့်လှစ်ခဲ့ကာ ဆရာကြီး ဦးဖေမောင်တင်က ကျောင်းအုပ်ကြီးတာဝန်ကို ယူခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေကို မဟာမိတ်တပ်များက သိမ်းပိုက်ထားသဖြင့် ရန်ကုန်တက္ကသိုလ် သင်တန်းများကို ရန်ကုန်မြို့လယ် မဂိုလမ်း(ယခုရွှေဘုံသာလမ်း)ရှိ ရန်ဒေးရီးယားကျောင်း (ယခု အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပန်းဘဲတန်း)တွင် အရေးပေါ်တက္ကသိုလ်ကောလိပ်သင်တန်း (Emergency University College) အဖြစ် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၄ ရက်၌ ဖွင့်လှစ်ပို့ချခဲ့သည်။ ဆရာကြီးဦးဘက ကျောင်းအုပ်ကြီးတာဝန်ယူခဲ့သည်။ ထိုကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၄၁၂ ဦးတက်ရောက်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်နယ်မြေမှ မဟာမိတ်တပ်များ ထွက်ခွာသွားသဖြင့် သင်တန်းများပြန်လည်ပို့ချနိုင်ခဲ့ကာ ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ခဲ့ပြီး ဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ်ဖြစ်လာခဲ့သည်။ ရန်ကုန်တက္ကသိုလ်လက်အောက်ခံ မန္တလေးဥပစာကောလိပ်သည် ၁၉၄၈ ခုနှစ်တွင် ဒီဂရီကောလိပ်ဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သီးခြားတက္ကသိုလ်အဖြစ် ရပ်တည်ခဲ့သည်။

သမိုင်းအစဉ်အလာကြီးမားခဲ့ကာ တစ်ချိန်က အရှေ့တောင်အာရှတွင် ဂုဏ်ရှိန်မြင့်မားခဲ့သော ရန်ကုန်တက္ကသိုလ်သည် မျိုးဆက်သစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဟု အမည်ပြောင်းခဲ့သည်။ သို့သော် ၁၉၈၉ ခုနှစ်တွင် မူလအမည်သို့ ပြန်လည်ပြောင်းလဲခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့သင်တန်းများကို ၁၉၉၅-၁၉၉၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှစ၍ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့ကြိုသင်တန်းများ ပို့ချပေးလျက်ရှိပေသည်။

**ရှေးဟောင်းသုတေသနပညာ**

ဦးမြင့်အောင် (ရှေးဟောင်းသုတေသန)က "ရှေးဟောင်းသုတေသနပညာရပ်သည် ရှေးဟောင်းယဉ်ကျေးမှု၌ အကျုံးဝင်သော ကျောက်ခေတ်များမှ ကျောက်လက်နက်ပစ္စည်းများမှစ၍ ကြေးခေတ်၊ သံခေတ်၊ မြို့ပြတည်ထောင်သောခေတ် စသောခေတ်အသီးသီးတွင် ထွန်းကားခဲ့သည့် လူသုံးပစ္စည်းဟူသရွေ့ကိုလည်းကောင်း၊ လူနေအိမ်ခြေမှစ၍ ကျေးရွာမြို့ ပြများဆိုင်ရာ အဆောက်အအုံများ၊ စေတီပုထိုးအမျိုးမျိုးများကိုလည်းကောင်း၊ ယုတ်စွအဆုံး သချိုင်းကုန်းဟောင်းများကိုလည်းကောင်း လေ့လာသောပညာရပ်ဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

နိုင်ငံတစ်ခု၏သမိုင်းကို လေ့လာကြရာတွင် စာပေအရေးအသားပေါ်ပေါက်သည့် သမိုင်းတင်ကာလကို ကျောက်စာ၊ ပေစာ၊ အိုးစာ၊ ခေါင်းလောင်းစာ စသည့် စာပေအထောက်အထားများဖြင့် ဖော်ထုတ်နိုင်သော်လည်း စာပေအရေးအသားမပေါ်ပေါက်သေးသည့် သမိုင်းမတင်မီကာလများကို ရှေးဟောင်းသုတေသနတူးဖော်မှုများဖြင့် ရှာဖွေဖော်ထုတ်ကြရသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီး၌ ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းလာကြချိန်တွင် ရှေးဟောင်းသုတေသနပညာသည် အရေးကြီးသော ပညာရပ်တစ်ခုဖြစ်လာခဲ့သည်။



ရှေးဟောင်းသုတေသနပညာ သင်တန်းသားများ ဟန်လင်းကျောက်စာရုံ၌ လေ့လာနေစဉ်။

## မောင်သာ(ရှေးဟောင်းသုတေသန)

ရှေးဟောင်းသုတေသနပညာသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် ရုပ်ဝတ္ထုပစ္စည်းများကို စူးစမ်းရှာဖွေတူးဖော်ကာ အတိတ်သမိုင်းကို ရှာဖွေဖော်ထုတ်သည်။ ထို့ကြောင့် သမိုင်းပညာရပ်က တွေ့ရှိထားသည့် စာပေဆိုင်ရာအထောက်အထားများကိုပင် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိချက်များနှင့် ညှိနှိုင်းအတည်ပြုနိုင်ခဲ့သည်။

ရှေးဟောင်းသုတေသနပညာသည် တူးဖော်ရေးလုပ်ငန်းကို အဓိကဆောင်ရွက်ကာ ရှာဖွေတွေ့ရှိမှုများကို မှတ်တမ်းတင်ခြင်း၊ စုဆောင်းခြင်း၊ သက်တမ်းတွက်ချက်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တွေ့ရှိချက်များကို စာတမ်းများ၊ စာအုပ်များ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ပြုလုပ်ကြရသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနတူးဖော်မှုလုပ်ငန်းများကို ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့ကာ တွေ့ရှိချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခဲ့သည်။ နှစ်ချုပ်အစီရင်ခံစာများလည်း နှစ်စဉ်ထွက်ရှိခဲ့သည်။

တူးဖော်မှုလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အဓိက တာဝန်ယူလုပ်ကိုင်လျက်ရှိကာ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ကျွမ်းကျင်သူများက ဆောင်ရွက်ကြသည်။

မြန်မာ့သမိုင်းစဉ်သည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်တို့ကို အဆင့်ဆင့်ဖြတ်သန်းခဲ့ပြီး ပျူခေတ်နောက်တွင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များ ပေါ်ထွန်းခဲ့သဖြင့် များစွာသော မြေပေါ်မြေအောက် အမွေအနှစ်များသည် မြန်မာနိုင်ငံနေရာအနှံ့တွင် ကျန်ရှိနေပေသည်။

၎င်းအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းနိုင်ရန် ရှေးဟောင်းသုတေသနပညာရပ်ကို စနစ်တကျ သင်ယူတတ်မြောက်သူများလိုအပ်လာခဲ့သည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း ရှေးဟောင်းသုတေသနပညာရပ်ကို ကျယ်ပြန့်စွာ သင်ကြားသင်ယူလာခဲ့ကြသည်။ ထို့ကြောင့် ဒေါက်တာကျော်မျိုးဆက် (ရှေးဟောင်းသုတေသနပညာ)က "မိမိတို့ဘိုးဘွားများ ထားရစ်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များအပေါ် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်၍ ယဉ်ကျေးမှုအမွေအနှစ်များကို အခြေခံလျက် တိုးတက်သော လူ့အဖွဲ့အစည်းကို တည်ထောင်ရေးသည် ရှေးဟောင်းသုတေသနပညာရပ်၏ အဓိကရည်မှန်းချက်ဖြစ်ကြောင်း" ရေးသားခဲ့သည်။

**ရှေးဟောင်းသုတေသနပညာဌာန**

ရန်ကုန်တက္ကသိုလ်တွင် ရှေးဟောင်းသုတေသနပညာဌာနကို တည်ထောင်သည့်နှစ်မှာပင် ဘွဲ့ကြိုသင်တန်းများအပြင် ဘွဲ့လွန်ဒီပလိုမာသင်တန်းကိုပါ ဖွင့်လှစ်ခဲ့၍ ၂၀၀၈ ခုနှစ်တွင် ရှေးဟောင်းသုတေသနပညာပါရဂူဘွဲ့ကို စတင်ချီးမြှင့်နိုင်ခဲ့သည်။

ဘွဲ့ကြိုလေးနှစ်သင်တန်းတွင် ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းသားများသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တွင် တက်ရောက်ရပြီး တတိယနှစ်နှင့် စတုတ္ထနှစ်သင်တန်းသားများသည် ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ခဲ့ကြသည်။ ဘွဲ့လွန်ဒီပလိုမာနှစ်နှစ်သင်တန်းကို ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ကြရသည်။ ပထမဆုံးဖွင့်လှစ်ခဲ့သည့် ရှေးဟောင်းသုတေသနပညာဘွဲ့ကြိုသင်တန်းသို့ ကျောင်းသားကျောင်းသူ ၂၃ ဦးတက်ရောက်ခဲ့ရာ ပထမဆုံး ရှေးဟောင်းသုတေသန ပညာမျိုးဆက်သစ်များကို ၁၉၉၈ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့များအပ်နှင်းခဲ့သည်။ ၎င်းသင်တန်းသားများသည် ယခုအချိန်တွင် တက္ကသိုလ်အသီးသီးရှိ ရှေးဟောင်းသုတေသနဌာနများတွင် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ စသည်ဖြင့် တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။ ထို့အတူ ပထမဆုံး ဒီပလိုမာသင်တန်းကို တက်ရောက်ခဲ့ကြသူများသည် ပါမောက္ခချုပ်၊ပါမောက္ခ၊ ညွှန်ကြားရေးမှူး အစရှိသဖြင့် နိုင်ငံ့တာဝန်အသီးသီးကို ထမ်းဆောင်လျက်ရှိနေကြသည်။

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နိုင်ငံ့အကျိုးသယ်ပိုးစို့

- နိုင်ငံတစ်ခု၏ပိုင်နက်
ယိမ်းယိုင်မပျက်ရှိစေရာ၊
ကာကွယ်ရေးအင်အား
ဖွံ့ထွားမှသာ၊
ထိပါးနှောင့်ယှက် ကျူးကျော်လာ
ရန်ဘယာအဝဝ၊
တွန်းလှန်တိုက်ထုတ်ဖယ်ရှားမှု
ပြုနိုင်မည်ပ။

- ထိုအရာကို သိမြင်ထား
နိုင်ငံများတွင်မဖြစ်မနေ၊
နိုင်ငံသားတိုင်းစစ်မှုထမ်းရန်
ရည်သန်ကာလေ၊
ပြည်သူ့စစ်မှုထမ်းဥပဒေ
ပြဋ္ဌာန်းကာလေ ကျင့်သုံးပြီး၊
နိုင်ငံသာယာဖွံ့ဖြိုးရေးကို
ရှေးရှုသည်တည်း။

- တို့နိုင်ငံလည်း ထိုပမာအလား
အမြော်အမြင်များဖြင့်ခုချိန်ခါ၊
နိုင်ငံသားတိုင်း စစ်မှုထမ်းရန်
ပြဋ္ဌာန်း၍လာ၊
တို့ပြည်မြန်မာ
အချုပ်အခြာခိုင်မြဲရေးအတွက်မို့၊
စစ်မှုထမ်းကာ နိုင်ငံအကျိုးကို
(နိုင်ငံသားတိုင်း တက်ကြွစွာပါဝင်လျက်)
သယ်ပိုးကြစို့။

**အညာဇင်ယော်**

## တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၁၂၂၇၀ စိုက်ပျိုးပြီးစီး



**တမူး ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၁၂၂၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၉၅၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၂၂၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ပဲမျိုးစုံ ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့အတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် မတ်ပဲ ၄၉၆ ဧက၊ ပဲတီစိမ်း ၁၄၆ ဧက၊ ပဲပုပ် ၂၂၆ ဧက၊ ကုလားပဲ ၁၀ ဧက၊ ပဲလွမ်းဧက ၇၀၊ ပဲဖြူကလေး ၄၈၅ ဧက၊ စားတော်ပဲ ဧက ၃၅၀၊ မြေထောက်ပဲ ၁၀၅၅ ဧက၊ အခြားပဲ ၄၅၆ ဧက၊ တမူးမြို့နယ်တွင် မတ်ပဲ ၃၁၇ ဧက၊ ပဲတီစိမ်း ၁၇၉ ဧက၊ ပဲပုပ် ၂၅ ဧက၊ ကုလားပဲ ၃၃ ဧက၊ ပဲဖြူကလေး ဧက ၁၇၀၊ စားတော်ပဲ ၆၈၇ ဧက၊ မြေထောက်ပဲ ၃၁၅၅ ဧက၊ အခြားပဲ ၆၀၈ ဧက၊ ခါမ်းပါတ်မြို့တွင် မတ်ပဲ ၁၆၈ ဧက၊ ပဲတီစိမ်း ၄၀၄ ဧက၊ ပဲပုပ် ၁၁၆ ဧက၊ ကုလားပဲ ၃၈ ဧက၊ ပဲဖြူကလေး ၂၉၇ ဧက၊ စားတော်ပဲ ၈၄၅ ဧက၊ မြေထောက်ပဲဧက ၁၀၁၀၊ အခြားပဲ ၉၂၄ ဧက စုစုပေါင်းဧက ၁၂၂၇၀ ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှ အဆက်

ရှေးဟောင်းသုတေသနပညာကို သင်ကြားရာတွင် စာတွေ့သာမက လက်တွေ့ကွင်းဆင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ကြရသည်။ ဘွဲ့ကြိုသင်တန်းသားများသည် ဒုတိယနှစ်မှစ၍ နှစ်စဉ် ကွင်းဆင်းလေ့လာရေးခရီးထွက်ကြရကာ အစီရင်ခံစာများ၊ သုတေသနစာတမ်းငယ်များကို ရေးသားတင်သွင်းကြရသည်။ ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာ ကွင်းဆင်းခရီးအဖြစ် ပျူမြို့ဟောင်းများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပင်လယ်(မိုင်းမော)၊ တကောင်း စသည့်ဒေသများ၊ ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည့် ညောင်ကန်နှင့် စမုံမြစ်ဝှမ်း ဒေသတချို့၊ နွယ်ခွေ၊ ငါးရှင်၊ လက်ပံခြေပေါ်၊ မိုးကြိုးပြင်၊ တောင်သမန်၊ ပုဂံ၊ အင်းဝ စသည်ဖြင့် သမိုင်းမတင်မီခေတ်၊ သမိုင်းကြိုခေတ်၊ သမိုင်း တင်ခေတ်နေရာများ ပါဝင်သည်။

၁၉၉၄ ခုနှစ်တွင် ပုဂံ ဉပါလိသိမ်အနီး အုတ်ကုန်းဟောင်းကို တူးဖော်စဉ်က ရန်ကုန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာ သင်တန်းသားများ ပါဝင်ခွင့်ရရှိခဲ့ပြီး နောက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများသည် တူးဖော်ရေးအတွေ့အကြုံများကို မရရှိခဲ့ချေ။ ကျောင်းသား၊ ကျောင်းသူများ၏ ကွင်းဆင်းခရီးစဉ်များတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက တူးဖော်မှုဆိုင်ရာသင်ကြားပို့ချမှုများကို ပြုလုပ်ခဲ့သော်လည်း လက်တွေ့တူးဖော်မှုမပါရှိခဲ့ချေ။

ထို့ကြောင့် ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်မှစ၍ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူနေသည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်မြို့ရှိ ရှေးဟောင်းသုတေသနပညာ နည်းပညာသင်တန်းကျောင်းနှင့် ပူးပေါင်းလျက် သရေခေတ္တရာတူးဖော်မှုလုပ်ငန်းခွင်များတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကာ တူးဖော်မှုအတွေ့အကြုံရရှိရန် စီစဉ်ခဲ့သည်။

ရှေးဟောင်းသုတေသနပညာရပ်ကို သင်ယူလိုသူများတိုးတက်များပြားလာသဖြင့် ရှေးဟောင်းသုတေသနပညာ ပို့ချမှုသည် ရန်ကုန်တက္ကသိုလ်တစ်ခုတည်းဖြင့် မလုံလောက်တော့သဖြင့် ၁၉၉၈ ခုနှစ်တွင် ဒဂုံတက္ကသိုလ်၌လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ကာ မျိုးဆက်သစ်များကို မွေးထုတ်လျက်ရှိနေပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)(၁၁)**
- **မြန်မာ့ရှေးဟောင်းသုတေသနပညာအတွက် ဆောင်ရွက်ချက်များ (ဦးမြင့်အောင်)**
- **ငွေရတုရှိန်ဝါ ရှေးဟောင်းသုတေသနပညာ (ဒေါက်တာကျော်မျိုးဆက်၊ ရှေးဟောင်းသုတေသနပညာ)**

## ထားဝယ်မြို့နယ် ဇဟာကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ဇဟာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးသီက သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်နှင့်တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့်သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၀ ဦးတက်ရောက်ပြီး သင်တန်းတွင် ကလေးဝတ်အကျီချုပ်နည်း၊ ဘောင်းဘီချုပ်နည်း၊ ဂါဝန်ချုပ်နည်း၊ အမျိုးသမီးဝတ်ရင်ဖုံးအကျီချုပ်နည်း၊ ထဘီချုပ်နည်း စသည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြနှစ်ဦးက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်ထိ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(မျော်ဘွယ်)**

## နိုင်ငံတကာ သတင်းများ

# ၂၀၂၃ ခုနှစ် စတုတ္ထသုံးလအတွက် အစ္စရေးစီးပွားရေးဖွံ့ဖြိုးမှုနှုန်းကျဆင်း

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၀**

ဂါဇာကမ်းမြောင်စစ်ပွဲကြောင့် ၂၀၂၃ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် အစ္စရေးနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ကျဆင်းခဲ့ရကြောင်း အစ္စရေးအစိုးရက ဖေဖော်ဝါရီ ၁၉ ရက်တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။

ဂါဇာစစ်ပွဲ၏နောက်ဆက်တွဲများဖြစ်သည့် အရန်တပ်များဆင့်ခေါ်ရမှုဟားမတ်စ်နှင့်ဟစ်ဇ်ဘိုလာအုပ်စုတို့၏ ဒုံးကျည်တိုက်ခိုက်မှုများရှောင်ရှားရန် အစ္စရေးပြည်သူ ထောင်ပေါင်းများစွာ နေရာရွှေ့ပြောင်းခဲ့ရမှုတို့ကြောင့် ၂၀၂၃ ခုနှစ် စတုတ္ထသုံးလတာကာလတွင် အစ္စရေးနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှုန်းမှာ ၁၉ ဒသမ ၄ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရသည်။

အစ္စရေးနိုင်ငံ၏ ၂၀၂၃ ခုနှစ် စတုတ္ထသုံးလပတ်စီးပွားရေးကျဆင်းမှုသည် ပြီးခဲ့သည့်နှစ်အောက်တိုဘာလတွင်စတင်ဖြစ်ပွားခဲ့သော ဂါဇာစစ်ပွဲနှင့် တိုက်ရိုက်ပတ်သက်နေကြောင်း အစ္စရေးအစိုးရဗဟိုစာရင်းအင်းဗျူရိုက သုံးသပ်ထားသည်။

သို့သော် ၂၀၂၃ ခုနှစ် တစ်နှစ်လုံးကိုခြုံကြည့်ပါက အစ္စရေး၏ စီးပွားရေးဖွံ့ဖြိုးနှုန်းမှာ အပြုသဘောဆောင်ဆဲဖြစ်ကြောင်း အစ္စရေးအစိုးရ ဗဟိုစာရင်းအင်းဗျူရိုက သုံးသပ်ထားသည်။

၂၀၂၃ ခုနှစ် တစ်နှစ်လုံးတွင် အစ္စရေး၏စီးပွားရေးဖွံ့ဖြိုးနှုန်းမှာ ၂ ဒသမ သုညရာခိုင်နှုန်းထိရှိခဲ့ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ)နိုင်ငံများ၏ ၂၀၂၃ ခုနှစ် ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးမှုနှုန်းထက် မြင့်မားနေဆဲဖြစ်သည်။

ထို့ပြင် အစ္စရေး၏ ၂၀၂၄ခုနှစ် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းမှာလည်း ၂ ရာခိုင်နှုန်းထိရှိနိုင်သည်ဟု ဗဟိုစာရင်းအင်းဗျူရိုက ခန့်မှန်းထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ဖောက်ကလန်ကျွန်းစုကို ကာကွယ်မည်ဟု ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ကင်မရွန်း ကတိပေး



**လန်ဒန် ဖေဖော်ဝါရီ ၂၀**

ဖောက်ကလန်ကျွန်းစုပြည်သူများအနေဖြင့် ဗြိတိန်ထိန်းချုပ်မှုအောက်၌ ဆက်နေရန်ဆန္ဒရှိနေသေးသရွေ့ မိမိတို့အနေဖြင့် ဖောက်ကလန်ကျွန်းစုကို ကာကွယ်ပေးမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ကင်မရွန်းက ဖေဖော်ဝါရီ ၁၉ ရက်တွင် ကတိပြုလိုက်သည်။

ဖောက်ကလန်ကျွန်းစု ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သမ္မတ ဇာဗီယာ မိုင်လေဦးဆောင်သော အာဂျင်တီးနားအစိုးရအဖွဲ့က ကြိုးပမ်းနေစဉ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၏တုံ့ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဖောက်ကလန်ကျွန်းစု အနေဖြင့် ဗြိတိန်မိသားစုဝင်အဖြစ် ဆက်နေရန်ဆန္ဒရှိနေသမျှဖောက်ကလန်ကျွန်းကို အကာအကွယ်ပေးမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ဖောက်ကလန်ကျွန်းစုကိုပြန်လည်ရရှိရေးအတွက် သံတမန်နည်းလမ်းဖြင့် ကြိုးစားသင့်ကြောင်း အာဂျင်တီးနားသမ္မတမိုင်လေက ပြောကြားထားသည်။

ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် ဖောက်ကလန်ကျွန်းစုကို ပိုင်ဆိုင်ခွင့်ရရေးအတွက်၁၉၈၂ ခုနှစ်တွင် စစ်ပွဲတစ်ပွဲဆင်နွှဲခဲ့ဖူးသည်။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ကင်မရွန်းသည် နိုင်ငံခြားရေးဝန်ကြီးရာထူး ရယူပြီးနောက် ပထမဆုံးခရီးစဉ်အဖြစ် ဖောက်ကလန်ကျွန်းစုကို သွားရောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဆေးကျောင်းတက်ခွင့်ရကျောင်းသားအရေအတွက်ကို မြှင့်တင်မည့်အစိုးရ၏အစီအစဉ်ကို တောင်ကိုရီးယားအလုပ်သင်ဆရာဝန်များ အလုပ်ခွင်များမှထွက်ခွာ၍ ဆန္ဒပြ

**ဆိုးလ် ဖေဖော်ဝါရီ ၂၀**

ဆေးကျောင်း တက်ခွင့်ရကျောင်းသားအရေအတွက်ကို မြှင့်တင်မည့်အစိုးရ၏ အစီအစဉ်ကို ကန့်ကွက်သည့်အနေဖြင့် တောင်ကိုရီးယား အလုပ်သင်ဆရာဝန်များသည် ယနေ့တွင် အလုပ်ခွင်များမှ တစ်စုတစ်ဝေးတည်း ထွက်ခွာဆန္ဒပြခဲ့ကြကြောင်း သိရသည်။

အလုပ်သင် ဆရာဝန်များ၏ ဆန္ဒပြပွဲကြောင့် တောင်ကိုရီးယားနိုင်ငံတစ်ဝန်းဆေးရုံများ၌ ခွဲစိတ်ကုသမှုအစီအစဉ်များနှင့် အခြားကုသရေးအစီအစဉ်များဖျက်သိမ်းခဲ့ရသည်။

ဆန္ဒပြအလုပ်သင်ဆရာဝန်များ လုပ်ငန်းခွင်ချက်ချင်းပြန်ဝင်ကြရန် တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ အဆိုအရ ဖေဖော်ဝါရီ ၁၉ ရက်ထိ တောင်ကိုရီးယား နိုင်ငံတစ်ဝန်းဆေးရုံများ၌ အလုပ်သင်ဆရာဝန်နှင့် ဆရာဝန်ဦးရေ ၁၃၀၀၀အနက် ထက်ဝက်ကျော်တို့က အလုပ်ထွက်စာများတင်ထားသည်။

ယနေ့တွင်မူ အလုပ်သင်ဆရာဝန် ဦးရေ ၁၆၀၀ကျော်တို့ အလုပ်ခွင်များမှထွက်ခွာ၍ ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

တောင်ကိုရီးယား အစိုးရသည် ၂၀၂၅ ခုနှစ် ပညာသင်နှစ်မှစ၍ ဆေးကျောင်းဝင်ခွင့်ရ ကျောင်းသားအရေအတွက်ကို ၂၀၀၀ ထပ်တိုးရန်စီစဉ်ထားရာ ယင်းအစီအစဉ်ကို ဆရာဝန်များနှင့် ဆေးပညာအသင်းများက ကန့်ကွက်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပင်လယ်နီလုံခြုံရေး ရေတပ်မစ်ရှင် ဥရောပသမဂ္ဂစတင်

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၁**

ပင်လယ်နီဒေသ ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ကို ကာကွယ်ထိန်းသိမ်းရေးအတွက် ဥရောပသမဂ္ဂ(အီးယူ)က ၎င်း၏ ပင်လယ်နီရေတပ်မစ်ရှင်ကို ဖေဖော်ဝါရီ ၁၉ ရက်တွင်စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်များက ပင်လယ်နီနိုင်ငံတကာရေလမ်းကြောင်းများကို တိုက်ခိုက်နေမှုကြောင့် ဥရောပသမဂ္ဂက ကာကွယ်ရေးသဘောဆောင်သည့် ပင်လယ်နီလုံခြုံရေး ရေတပ်မစ်ရှင်ကို စတင်ခဲ့ခြင်းဖြစ်သည်။

မဟာဗျူဟာမြောက် ပင်လယ်ရေလမ်းကြောင်းတစ်ခု၌ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့်လွတ်လပ်ခွင့်တို့ကို ထိန်းထားရေးအတွက် ဥရောပသမဂ္ဂအနေဖြင့် လိုအပ်သလို လျင်မြန်စွာတုံ့ပြန်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂနိုင်ငံခြားရေးရာမူဝါဒအကြီးအကဲ ဂျိုးဆက်ဘောရဲလ်က ပြောကြားထားသည်။

ဥရောပသမဂ္ဂ၏ ပင်လယ်နီရေတပ်မစ်ရှင်၌ စစ်သင်္ဘော အရေအတွက် မည်မျှပါဝင်မည်ကို မသိရသေးကြောင်း သိရသည်။

သို့သော် ပင်လယ်နီလုံခြုံရေး ရေတပ်မစ်ရှင်၌ ကနဦးတွင် စစ်သင်္ဘောသုံးစီး ပါဝင်မည်ဖြစ်ပြီး ယင်းစစ်သင်္ဘောများကို ဥရောပသမဂ္ဂကကွပ်ကဲထားမည်ဖြစ်ကြောင်း ဥရောပသံတမန်များက ပြောကြားထားသည်။

ဥရောပသမဂ္ဂ ရေတပ်မစ်ရှင်အတွက် ယခုလအစောပိုင်းတွင် ဂျာမနီနိုင်ငံက လေကြောင်းရန်ကာကွယ်ရေးဖရီးဂိတ်စစ်သင်္ဘောတစ်စီးစေလွှတ်ထားပြီး ပြင်သစ်နှင့်အီတလီတို့ကလည်း စစ်သင်္ဘောများ စေလွှတ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဝန်ထမ်းများ၏သပိတ်ကြောင့် ပြင်သစ်ရှိ အီဖယ်မျှော်စင်ပိတ်ထားရ

**ပဲရစ် ဖေဖော်ဝါရီ ၂၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ အီဖယ်မျှော်စင်သည် မျှော်စင်ဝန်ထမ်းများ၏ သပိတ်ကြောင့် ဖေဖော်ဝါရီ၁၉ရက်မှစ၍ ဧည့်သည်အဝင်အထွက် ပိတ်ထားရကြောင်း သိရသည်။



ပဲရစ်မျှော်စင်နှင့် ပတ်သက်၍ အာဏာပိုင်များ၏ ဘဏ္ဍာရေးအရ စီမံခန့်ခွဲမှုပုံစံကို ကန့်ကွက်သည့်အနေဖြင့် အီဖယ်မျှော်စင်ဝန်ထမ်းများက ဆန္ဒပြနေကြခြင်းဖြစ်သည်။

အီဖယ်မျှော်စင်ဝန်ထမ်းများ၏ သပိတ်ကြောင့် ယင်းမျှော်စင်သို့ လည်ပတ်ရေးအတွက် ပဲရစ်မြို့သို့ ရောက်ရှိသော ကမ္ဘာလှည့်ခရီးသည်များ စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရသည်။

ပဲရစ်မြို့ စည်ပင်အဖွဲ့သည် အီဖယ်မျှော်စင်ကို ပဲရစ်အိုလံပစ်ပွဲတော်မတိုင်မီ ပြုပြင်မွမ်းမံရေးနှင့် ပြန်လည်ထိန်းသိမ်းရေးတို့အတွက် ကုန်ကျစရိတ်ကို လျှော့ချတွက်ချက်ထားကြောင်း မျှော်စင်ဝန်ထမ်းများ၏အဆိုအရ သိရသည်။

ပြုပြင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်မွမ်းမံရေးကုန်ကျစရိတ်များ လျှော့ချထားမှုကြောင့် ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ရာတွင် အဆင့်ကျော်ဆောင်ရွက်မှုများရှိလာနိုင်ပြီး ခရီးသွားများအတွက် အန္တရာယ်ရှိလာနိုင်ကြောင်း ဆန္ဒပြဝန်ထမ်းများက ပြောကြားခဲ့သည်။


အီဖယ်မျှော်စင်သည် ကမ္ဘာပေါ်၌ ခရီးသည်လာရောက်မှုအများဆုံးခရီးသွားပန်းတိုင် နေရာများထဲတွင် ပါဝင်သည်။

လာမည့် ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည့် ပဲရစ်နွေရာသီအိုလံပစ်ပွဲတော်အတွင်း ဆုတံဆိပ်များတွင် ပြင်သစ်တာဝန်ရှိသူများက အီဖယ်မျှော်စင်ပုံ ရိုက်နှိပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဂျပန်သိပ္ပံပညာရှင်များသည် သစ်သားဖြင့်တည်ဆောက်ထားသည့် ကမ္ဘာ့ပထမဆုံးဂြိုဟ်တုကို ယခုနှစ် နွေဦးရာသီအတွင်း လွှတ်တင်ရန်စီစဉ်ထား



**တိုကျို ဖေဖော်ဝါရီ ၂၀**

ဂျပန်သိပ္ပံပညာရှင်များသည် သစ်သားဖြင့် တည်ဆောက်ထားသည့် ကမ္ဘာ့ပထမဆုံးဂြိုဟ်တုကို ယခုနှစ် နွေဦးရာသီအတွင်း လွှတ်တင်ရန်စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

Lignosat အမည်ရှိ အဆိုပါ ဂြိုဟ်တုကို အလူမီနီယမ်သတ္တုများအစား စံကားပင်သားဖြင့် တည်ဆောက်ရန် စီစဉ်ထားသည်။

ဂြိုဟ်တုများကိုတည်ဆောက်ရာတွင် သစ်ထည်ကိုအသုံးပြုခြင်းဖြင့် အာကာသအမှိုက်ပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိသည်ဟု ဂျပန်သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

ဂျပန် သိပ္ပံပညာရှင်များသည် Lignosat သစ်သားဂြိုဟ်တုကို ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ် သို့မဟုတ် ဒရာဂွန်အာကာသကုန်တင်ယာဉ်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ ပို့ဆောင်၍ အာကာသစခန်းမှတစ်ဆင့် ကမ္ဘာပတ်လမ်းပေါ်သို့ လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် Ligno-sat ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်တွင် ခြောက်လကြာ စမ်းသပ်မစ်ရှင်များ ပြုလုပ်ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းအပူချိန် အပြောင်းအလဲကြောင့် ဂြိုဟ်တုကိုယ်ထည်အက်ရာများပေါ်နိုင်မှုကို ခံနိုင်ရည်ရှိနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နေထက်အဆပေါင်း ထရီလီယံ ၅၀၀ အလင်းအားပိုကောင်းသော ကြယ်စုဗဟိုချက်နယ်မြေ(ကွာဆာ)တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား


**ကင်ဘာရာ ဖေဖော်ဝါရီ ၂၀**

နေထက်အဆပေါင်း ထရီလီယံ ၅၀၀ အလင်းအားပိုကောင်းသော ကြယ်စုဗဟိုချက်နယ်မြေ (ကွာဆာ) တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကြယ်စုဗဟိုချက် စွမ်းအင်နယ်မြေကို ဖြပ်ထုအားဖြင့် နေ၏ဖြပ်ထုထက် ၁၇ ဘီလီယံမှ ၁၉ ဘီလီယံထိရှိသည့် အာကာသတွင်းနက်တစ်ခုက စွမ်းအင်များ ဖြည့်ဆည်းပေးနိုင်သည်ဟု ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

J 0529-4351 အမည်ရှိ အဆိုပါ ကြယ်စုဗဟိုချက်နယ်မြေသည် ရှာဖွေတွေ့ရှိထားသမျှ ကြယ်စုဗဟိုချက် နယ်မြေများအနက် အလင်းအားအကောင်းဆုံး ကြယ်စုဗဟိုချက်နယ်မြေဖြစ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

၎င်းကြယ်စုဗဟိုချက်နယ်မြေသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၂ ဘီလီယံအကွာတွင် တည်ရှိကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။



အဆိုပါကြယ်စုဗဟိုချက် နယ်မြေကို ၁၉၈၀ ပြည့်နှစ်ကပင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သော်လည်း ကြယ်တစ်စင်းအဖြစ်သာ သိပ္ပံပညာရှင်များက မှတ်ထင်ခဲ့ကြကြောင်း သိရသည်။

J 0529-4351 ကြယ်စုဗဟိုချက်နယ်မြေကို စွမ်းအင်ဖြည့်ဆည်းပေးနေသော အာကာသတွင်းနက်မှာ လျင်မြန်စွာမွှတ်မွှတ်လည်နေပြီး အနီးဝန်းကျင်ရှိကြယ်များကို တစ်ရက်လျှင် တစ်စင်းနှုန်း ဝါးမျိုနေကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ဥရောပအာကာသအေဂျင်စီ၏ သက်မဲ့ဂြိုဟ်တုတစ်စင်း ဖေဖော်ဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်

**ပဲရစ် ဖေဖော်ဝါရီ ၂၀**

ဥရောပအာကာသအေဂျင်စီ၏ သက်မဲ့ဂြိုဟ်တုတစ်စင်းသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ERS-2 အမည်ရှိ အဆိုပါ ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်၌ နှစ်ပေါင်း ၃၀ ခန့်ကြာ မျောလွင့်နေခဲ့ပြီးနောက် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဥရောပအာကာသအေဂျင်စီသည် ERS-2 ဂြိုဟ်တုကို ၁၉၉၅ ခုနှစ်တွင် ပြင်သစ်ဂီယာနာနိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့သည်။

အလေးချိန် ပေါင် ၅၀၀၀ ကျော်ရှိသည့် ERS-2 ဂြိုဟ်တုသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်သည်ဟု ဥရောပအာကာသအေဂျင်စီက ခန့်မှန်းထားကြောင်း သိရသည်။

သို့ရာတွင် ERS-2 ဂြိုဟ်တု ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည့်အချိန်နှင့်ဝင်ရောက်နိုင်သည့်နေရာတို့ကို အတိအကျ မပြောနိုင်သေးကြောင်း သိရသည်။

ERS-2 ဂြိုဟ်တု၏ မစ်ရှင်များပြီးဆုံးပြီဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက ၂၀၁၁ ခုနှစ်တွင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## နေ့မစေ့လမစေ့မွေးဖွားလာမှုနှင့် အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား ဆက်စပ်မှုမျိုးမရှိ

**ဂျေရုဆလင် ဖေဖော်ဝါရီ ၂၀**

နေ့မစေ့လမစေ့ မွေးဖွားလာမှုနှင့် အော်တစ်ဇင်ရောဂါဖြစ်ပွားမှုတို့ကြား သိသာသည့်ဆက်စပ်မှုမျိုး မရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

အစ္စရေးနိုင်ငံ ဆိုရိုကာဆေးပညာသုတေသနဌာနမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့မစေ့လမစေ့ မွေးဖွားလာမှုပြဿနာနှင့် အော်တစ်ဇင်ရောဂါ ဖြစ်ပွားမှုတို့ကြား အပြန်အလှန်ဆက်စပ်မှုမရှိသည်ကို တွေ့ရကြောင်း သိရသည်။

အော်တစ်ဇင်ရောဂါဖြစ်ပွားရခြင်း၏ အဓိကနောက်ခံအကြောင်းတရားကို ရှာဖွေရသည်မှာ ရှုပ်ထွေးကြောင်း၊ အော်တစ်ဇင်ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းတရားမှာ နေ့မစေ့လမစေ့မွေးဖွားမှုပြဿနာတစ်ခုတည်းမဖြစ်နိုင်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အစ္စရေး သုတေသနပညာရှင်များသည် ၂၀၀၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြား မွေးဖွားခဲ့ကြသော ကလေး ၁၁၅၀၀၀ ခန့်ကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ အော်တစ်ဇင်ရောဂါဖြစ်ပွားမှုနှင့် နေ့မစေ့လမစေ့ မွေးဖွားမှုပြဿနာတို့ကြား ဆက်စပ်မှုမရှိသည်ကို တွေ့ရကြောင်း အစ္စရေးသုတေသနပညာရှင်များက ပြောကြားသည်။

အော်တစ်ဇင်ခေါ် ကလေးဘဝငါးစွဲစိတ်ရောဂါ ဖြစ်ပွားရခြင်းနောက်ကွယ်တွင် ရောဂါနောက်ခံအကြောင်းတရားမျိုးစုံ ရှိနေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Sputnik News**
**Trs : KKO**

## ဆားအစားထိုးပစ္စည်းတစ်မျိုးစားသုံးပါက သက်ကြီးပိုင်းများ၌ သွေးဖိအားမြင့်တက်မှုကိုလျှော့ချနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၂၀**

ပုံမှန်စားသုံးနေကျ ဆားအစား ဆားအစားထိုး ပစ္စည်းတစ်မျိုး စားသုံးပါက သက်ကြီးပိုင်းများ၌ သွေးဖိအားပုံမှန်ထက်မြင့်တက်မှုကို လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် ဆားအစား ဆားအစားထိုးပစ္စည်းစားသုံးပါက သွေးဖိအားမြင့်တက်နိုင်ခြေ ၄၀ ရာခိုင်နှုန်း ပုံမှန်ထက်နည်းပါးကြောင်း သိရသည်။

သွေးဖိအားပုံမှန်ထက် လွန်ကဲမှုသည် နှလုံးရောဂါ၊ နှလုံးနှင့် ဆက်စပ်နေသည့် သေဆုံးမှု၏ အဓိက ရောဂါနောက်ခံအကြောင်းတရားဖြစ်သည်။

သွေးဖိအားပုံမှန်ထက်လွန်ကဲမှုပြဿနာသည် ကမ္ဘာတစ်ဝန်းလုံး၌ အရွယ်ရောက်သူ ၁ ဒသမ ၄ ဘီလီယံတို့ ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။

ထို့ပြင် သွေးဖိအားလွန်ကဲမှုပြဿနာကြောင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ နှစ်စဉ်လူပေါင်း ၁၀ ဒသမ ၈ သန်း သေဆုံးနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ သိရသည်။

သို့ရာတွင် ဆားစားသုံးမှုကို လျှော့ချ၍ ဆားအစားထိုးပစ္စည်းများစားသုံးခြင်းဖြင့် သက်ကြီးပိုင်းများကို သွေးဖိအားအပေါ် ကျေးဇူးပြုနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် အသက် ၅၅ နှစ်နှင့်အထက် လူပေါင်း ၆၀၀ ကျော်ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြတူချယ်၏နေရာတွင် ဆိုးရှားလ်နှင့် အစားထိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်

**မြူးနစ် ဖေဖော်ဝါရီ ၂၀**

ဘိုင်ယန်မြူးနစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ရလဒ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးဖလား လက်မဲ့ရာသီနှင့်ကြုံတွေ့ရန်သေချာနေသဖြင့် အသင်းတာဝန်ရှိသူများက နည်းပြတူချယ်ကို ထုတ်ပယ်ကာ နည်းပြဆိုးရှားလ်နှင့် အစားထိုးရန် စီစဉ်လျက်ရှိနေကြောင်းသိရသည်။

နည်းပြတူချယ်သည် လေဗာကူဆင်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံမှုတွင် သုံးဂိုးပြတ်ရှုံးခဲ့သဖြင့် အမှတ်ပေးဇယား အားပြိုင်မှုတွင် ရမှတ် ပြတ်တောက်ခံခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လာဇီယိုအသင်းကို ပထမအကျော့တွင် တစ်ဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့ရာ နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးနည်းလာသကဲ့သို့နောက်ဆုံးကစားခဲ့သည့် ဘိုချမ်အသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် သုံးဂိုး နှစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့သောကြောင့် လေဗာကူဆင်အသင်းနှင့် ရမှတ်ရှစ်မှတ်ထိ ပြတ်တောက်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက နည်းပြတူချယ်၏နေရာတွင် ဆိုးရှားလ်ကို ယာယီနည်းပြအဖြစ်ခန့်အပ်ရန်စီစဉ်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းတာဝန်ရှိသူများက နည်းပြတူချယ်ကိုအခွင့်အရေးထပ်မံပေးရန် ပြင်ဆင်ထားပြီး ၎င်းအနေဖြင့် တိုးတက်မှုမရှိခဲ့ပါက မန်ယူအသင်းတွင် ပြိုင်ပွဲစုံ ၁၆၈ ပွဲ၌ နိုင်ပွဲ ၉၁ ပွဲထိရရှိအောင် စွမ်းဆောင်ထားသည့် နည်းပြဆိုးရှားလ်ကို ယာယီနည်းပြအဖြစ်ခန့်အပ်၍ လက်ရှိအခြေအနေကို အကောင်းဆုံး ကျော်ဖြတ်ရန် ဆုံးဖြတ်ထားကြောင်း အားကစားဒါရိုက်တာ ခရစ်တိုဖရန့်က ပြောကြားခဲ့သည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ်ဆက်ရယူထားသည့် နည်းပြဟောင်း ဇီဒန်းကိုလည်းခန့်အပ်နိုင်ရန် ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်း အတိုအထွာများ

- မာဆေးအသင်းက ဂတ်တူဆို၏နေရာတွင် နည်းပြဂါဆက်ကို ခန့်အပ်ခဲ့ပြီး လာမည့် ဇွန်လကုန်ထိ ကာလတိုစာချုပ်ဖြင့်သာ ခန့်အပ်ခဲ့ကြောင်း သိရသည်။
- လာမည့်နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည့် ခံစစ်ကစားသမား အယ်ဖွန်ဆိုဒေးဗစ်ကို ဘာစီလိုနာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက နည်းပြမိုယက်စ်၏နေရာတွင် အစားထိုးနိုင်ရန်အတွက် ပရီးမီးယားလိဂ်အတွေ့အကြုံကောင်းများရှိသည့် နည်းပြဂရာဟမ်ပေါ်တာ၊ နည်းပြလိုပက်တီဂူနှင့်နည်းပြစတိခ်ကူးပါးတို့ကို အဓိကပစ်မှတ်ထားနေကြောင်း ထုတ်ပြန်ခဲ့သည်။
- တိုက်စစ်မှူး ဂရင်းဝုဒ်ကိုခေါ်ယူရန် ဘာစီလိုနာနှင့် အေတီကိုအသင်းတို့က ချိတ်ဆက်နေသဖြင့် မန်ယူအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ သာအလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# မက်ဆီက ရှစ်ကြိမ်မြောက် ဘောလွန်းဒီအော်ဆုကို ဘာစီလိုနာအသင်း ပြတိုက်သို့လှူဒါန်း



**ဘာစီလိုနာ ဖေဖော်ဝါရီ ၂၀**

တိုက်စစ်မှူး မက်ဆီသည် အင်တာမီယာမီအသင်းတွင် ကစားစဉ်က ရရှိခဲ့သည့် ရှစ်ကြိမ်မြောက်ဘောလွန်းဒီအော်ဆုကို ဘာစီလိုနာအသင်းပြတိုက်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

မက်ဆီသည် ၂၀၀၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဘာစီလိုနာအသင်းတွင် ကစားခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းသို့ပြောင်းရွှေ့ခဲ့ကာ ဘောလုံးရာသီနှစ်ရာသီကစားခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး အသင်းကို ပထမဆုံးလိဂ်ဖလား ရယူပေးနိုင်ခဲ့သည်။

ထို့နောက် ၎င်းသည် ၂၀၂၂ ခုနှစ်တွင် အာဂျင်တီးနားအသင်းကို ဦးဆောင်၍ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် ရှစ်ကြိမ်မြောက်ဘောလွန်းဒီအော်ဆုကို ထပ်မံရရှိခဲ့ပြီးနောက် ကစားသမားဘဝတွင် ဘာစီလိုနာအသင်းနှင့်အတူ ဘောလွန်းဒီအော်ဆု ခုနစ်ကြိမ် ရယူထားသောကြောင့် နောက်ဆုံးရရှိခဲ့သည့် ဘောလွန်းဒီအော်ဆုကိုလည်း ဘာစီလိုနာအသင်းပြတိုက်သို့ လှူဒါန်းရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီက "ကျွန်တော့်ကစားသမားဘဝရဲ့ အကောင်းဆုံးတွေကို ဘာစီလိုနာအသင်းမှာ ရရှိခဲ့တာပါ။ ဘာစီလိုနာအသင်း ပြတိုက်မှာ ကျွန်တော်ရရှိခဲ့တဲ့ဘောလွန်းဒီအော်ဆုတွေ ၊ ရွှေဖိနပ်ဆုတွေအားလုံးရှိနေပါတယ်။ ကျွန်တော်ဘာစီလိုနာကနေ ထွက်ခွာသွားပေမဲ့လဲ ဒီအောင်မြင်မှုတွေ အမြဲကျန်ရှိနေမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ပဲလေ့စ်အသင်းကိုသရေရလဒ်ကစားနိုင်ခဲ့သည့် အဲဗာတန်အသင်း တန်းဆင်းဇုန်ပြင်ပသို့ရောက်ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၅) အဖြစ်ကစားခဲ့သည့် အဲဗာတန်အသင်းနှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သောကြောင့် အဲဗာတန်အသင်းအနေဖြင့် ပထမဆုံးအကြိမ် တန်းဆင်းဇုန်ပြင်ပသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ရမှတ် ၁၀ မှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် တန်းဆင်းဇုန်ထိရောက်ရှိခဲ့ပြီးနောက် အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိအောင် ကြိုးပမ်းခဲ့ရကာ ယခုပွဲစဉ်တွင် ပဲလေ့စ်အသင်းကို တစ်ဂိုးစီသရေကစား၍ ရမှတ် တစ်မှတ်ရယူနိုင်ခဲ့သဖြင့် ၂၅ ပွဲကစားအပြီးတွင် ရမှတ် ၂၀ ဖြင့် အဆင့် ၁၇ နေရာသို့ရောက်ရှိခဲ့ပြီး တန်းဆင်းဇုန်ပြင်ပတွင် ရပ်တည်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အဲဗာတန်အသင်းသည် အိမ်ကွင်းအားသာချက်ရှိသော်လည်း ပဲလေ့စ်အသင်း၏ အပြန်အလှန်တိုက်စစ်ဆင်မှုများကို ခံခဲ့ရသဖြင့် ပွဲချိန် ၆၆ မိနစ်တွင် ပဲလေ့စ်အသင်းကို ဦးဆောင်ဂိုးခွင့်ပြုလိုက်ရသဖြင့် ချေပဂိုးရရှိရေး ပိုမိုဖိအားပေးကစားခဲ့ရာ ပွဲချိန် ၈၄ မိနစ်တွင် အိုနာနာက ချေပဂိုးသွင်းယူပေးခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ပွဲစဉ်(၂၅)အပြီးတွင် ပဲလေ့စ်အသင်းက ရမှတ် ၂၅ မှတ်ဖြင့် အဆင့်(၁၅)၊ အဲဗာတန်အသင်းက ရမှတ် ၂၀ ဖြင့် အဆင့် (၁၇)နေရာတွင်ရပ်တည်ခဲ့ပြီး လူတန်အသင်းက အဲဗာတန်နှင့်ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၁၈)၊ ဘန်လေအသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့် (၁၉)၊ ရှက်ဖီးလ်(ယူ)အသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့်(၂၀) တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# အမျိုးသမီးလိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်များအတွက် ကေတီတေလာနှင့် မကျေပွဲထိုးရန် စိန်ခေါ်မည်ဟု ဆာရန်နိုပြောကြား

**ဆန်ဂျူအန် ဖေဖော်ဝါရီ ၂၀**

WBA၊ WBC၊ IBF၊ WBO၊ IBOအမျိုးသမီးလိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်များအတွက် လက်ရှိချန်ပီယံ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာနှင့် မကျေပွဲထိုးသတ်ရန်အတွက် စိန်ခေါ်သွားမည်ဖြစ်ကြောင်း WBA ၊ WBC၊ IBF၊ WBOကမ္ဘာ့ချန်ပီယံ ပွာတိုရီကိုလက်ဝှေ့မယ် ဆာရန်နိုကပြောကြားခဲ့ကြောင်းယနေ့တွင်ဖော်ပြခဲ့သည်။

ဆာရန်နိုသည် ဖယ်သာဝိတ်တန်း၌ ထိုးသတ်နေသော်လည်း ကေတီတေလာနှင့် ထိုးသတ်လိုသည့်အတွက်လိုက်ဝိတ်တန်းတွင် စိန်ခေါ်သွားမည်ဟု ပြောကြားခဲ့သည်။

ကေတီတေလာနှင့် ဆာရန်နိုတို့သည် ၂၀၂၂ ခုနှစ် ဧပြီလတွင် တစ်ကြိမ် စိန်ခေါ်ထိုးသတ်ခဲ့ဖူးပြီး ဒိုင်အမှတ်ဖြင့် ကေတီတေလာက အနိုင်ရရှိခဲ့သော်လည်း ရမှတ်များပြတ်သားမှုမရှိခဲ့ဘဲ ကေတီတေလာနှင့်ဆာရန်နိုတို့အကြားစွမ်းဆောင်ရည်ကွာဟမှုမရှိသည့်အတွက် ဆာရန်နိုက ကေတီတေလာကို ထပ်မံစိန်ခေါ်ရန်စီစဉ်လာခြင်းဖြစ်သည်။

ဆာရန်နိုအနေဖြင့် ကေတီတေလာနှင့် ပထမအကြိမ်ထိုးသတ်ခဲ့စဉ်က ဒိုင်များ၏ အမှတ်ပေးချက်များကို မကျေမနပ်ဖြစ်ခဲ့ပြီး တရားမျှတမှုမရှိကြောင်းဝေဖန်ခဲ့ဖူးသော်လည်းပြီး ကေတီတေလာဘက်ကစိန်ခေါ်မှုကိုလက်ခံမည်ဆိုပါက စိန်ခေါ်ပွဲကို အမြန်ဆုံးစီစဉ်သွားမည်ဖြစ်ကြောင်း ဆာရန်နိုက ပြောကြားခဲ့သည်။

အမျိုးသမီးလက်ဝှေ့လောက၏ အကောင်းဆုံးနှင့် အအောင်မြင်ဆုံးလက်ဝှေ့မယ်များဖြစ်သည့်အတွက်ကြောင့် ကေတီတေလာနှင့်ဆာရန်နိုတို့၏စိန်ခေါ်ပွဲကို ပရိသတ်များကလည်း လိုလားနေကြပြီး အမျိုးသမီးလက်ဝှေ့လောက၏ အကောင်းဆုံး စိန်ခေါ်ပွဲဖြစ်လာနိုင်ကြောင်းလည်း လက်ဝှေ့ကျွမ်းကျင်သုံးသပ်သူများကသုံးသပ်ခဲ့သည်။

ဆာရန်နိုက "ပထမပွဲစဉ်တုန်းက ကျွန်မတို့အကြားရလဒ်ကမပြတ်သားခဲ့ပါဘူး။ အဲ့ဒီတုန်းကဒိုင်တွေရဲ့



အမှတ်ပေးမှုအပေါ်မှာလဲ တရားမျှတမှုမရှိခဲ့ဘူးလို့ ခံစားမိပါတယ်။ ဒါကြောင့် ကေတီတေလာနဲ့ မကျေပွဲစဉ် ထိုးသတ်သွားချင်ပါတယ်။ ကေတီတေလာကသာ လက်ခံရင် စိန်ခေါ်ပွဲကိုအမြန်ဆုံးစီစဉ်သွားပါမယ်။ ဖယ်သာဝိတ်တန်းမှာထိုးသတ်စရာမလိုပါဘူး။ ကျွန်မကပဲ လိုက်ဝိတ်တန်းကို လာခဲ့ပါမယ်။ ကေတီတေလာအနေနဲ့ ကျွန်မရဲ့ စိန်ခေါ်မှုကို လက်ခံပေးမယ်လို့လဲ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကေတီတေလာသည်နောက်ဆုံးစိန်ခေါ်ပွဲထိုးသတ်ထားမှုအနေဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် WBA၊ WBC၊ IBF၊ WBO၊ IBO လိုက်ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲထိုးသတ်ထားသူဖြစ်ပြီး လိုက်ဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်များကိုလည်းပိုင်ဆိုင်ထားသူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာနှင့် နိုင်ငံတကာမြင်းစီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်း တံခွန်စိုက်ဖလားဆွတ်ခူး



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ မြန်မာ့ရိုးရာမြင်းစီးအားကစားကော်မတီ၏ပံ့ပိုးမှုဖြင့်ကျင်းပသည့် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တံခွန်စိုက်ဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့ရိုးရာနှင့် နိုင်ငံတကာမြင်းစီးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက တံခွန်စိုက်ဖလားဆွတ်ခူးခဲ့ကြောင်း သိရသည်။

ယနေ့ယှဉ်ပြိုင်မှုနောက်ဆုံးနေ့၌ ရိုးရာအသားကျပြိုင်ပွဲ၊ ရိုးရာဒုန်း(Ponyတန်း)ပြိုင်ပွဲ၊ ရိုးရာဒုန်း(အလတ်တန်း)ပြိုင်ပွဲ၊ ရိုးရာဒုန်း(အထူးတန်း)ပြိုင်ပွဲ၊ ရိုးရာဒုန်း(အငယ်တန်း)ပြိုင်ပွဲနှင့် ရိုးရာဒုန်း(အကြီးတန်း)ပြိုင်ပွဲဗိုလ်လုပွဲစဉ်များကိုကျင်းပခဲ့ပြီး ပြိုင်ပွဲတစ်ခုလုံးပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရွှေ ရှစ်ခု၊ ငွေ လေးခု၊ ကြေး သုံးခုဖြင့် ပထမ၊မန္တလေးတိုင်းဒေသကြီးအသင်းက ရွှေလေးခု၊ ငွေ ခုနစ်ခု၊ ကြေး လေးခုဖြင့် ဒုတိယ ၊ ဧရာဝတီတိုင်းဒေသကြီးက ရွှေ တစ်ခု၊ငွေ တစ်ခု၊ကြေး လေးခုဖြင့် တတိယဆုရရှိခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့ရိုးရာဓားခုတ်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာလှံပစ်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာစက်ထိုးပြိုင်ပွဲ၊ မြန်မာ့ရိုးရာအသားကျပြိုင်ပွဲ၊မြန်မာ့ရိုးရာဒုန်း(Ponyတန်း)ပြိုင်ပွဲ၊ မြန်မာ့ရိုးရာဒုန်း(အငယ်တန်း)ပြိုင်ပွဲ၊ မြန်မာ့ရိုးရာဒုန်း(အလတ်တန်း)ပြိုင်ပွဲ၊မြန်မာ့ရိုးရာဒုန်း(အကြီးတန်း)ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့်တတိယ ဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများကဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာ့ရိုးရာဒုန်း(အထူးတန်း)ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားဆုတံဆိပ်နှင့်ငွေသားဆုများချီးမြှင့်ပြီး တံခွန်စိုက်ဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းအားတံခွန်စိုက်ဖလားပေးအပ်ချီးမြှင့်ကာ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**STA**

# ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ကင်မရွန်းနော်ရီ ဒုတိယအဆင့်တက်ရောက်

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၀**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင်ကျင်းပနေသည့် ရီယိုအိုးပင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီနှင့် ဘိုလီးဗီးယားတင်းနစ်ကစားသမား ဒီလီယန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မရွန်းနော်ရီက (၆-၃၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ကမ္ဘာ့အဆင့် ၂၃ နေရာတွင် ရပ်တည်နေသည့် ကင်မရွန်းနော်ရီသည် ဒီလီယန်ကို အသာစီးရယူကာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပွဲချိန်မှာ ၁ နာရီ ၂၃ မိနစ်ကြာမြင့်ခဲ့သည်။

ကင်မရွန်းနော်ရီသည် မကြာသေးမီက အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေးရိစ်မြို့၌ ကျင်းပခဲ့သည့် အာဂျင်တီးနားအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်မှပင် ထွက်ခွာခဲ့ရပြီးနောက် မိမိကိုယ်ကိုအားမလိုအားမရဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ရီယိုအိုးပင်းအတွက် အကောင်းဆုံးပြင်ဆင်လာနိုင်ခဲ့ပြီး ပထမအဆင့်တွင် အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့ကာ ဘရာဇီးမြေတွင် အကောင်းဆုံးပုံစံပြန်ရလာခဲ့ခြင်းအပေါ် ဂုဏ်ယူကြောင်းလည်း ကင်မရွန်းနော်ရီက ပြောကြားခဲ့သည်။

ကင်မရွန်းနော်ရီသည် ဒုတိယအဆင့်တွင် ချီလီတင်းနစ်ကစားသမား မာဆယ်လိုသောမတ်စ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မာဆယ်လိုသောမတ်စ်သည် ပထမအဆင့်တွင် ဘရာဇီးတင်းနစ်ကစားသမား ဂတ်စတာဗိုနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၇-၅ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# MFF-Berocca Summer Football Course နွေရာသီလူငယ်ဘောလုံးသင်တန်း အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က လူငယ်များကာယဉာဏဖွံ့ဖြိုးတိုးတက်ရေးနှင့်လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ထွက်ပေါ်ရေးအတွက်မိတ်ဖက်စပွန်ဆာဖြစ်သည့် Berocca၏ပံ့ပိုးကူညီမှုဖြင့် ၂၀၂၄ နွေရာသီလူငယ်ဘောလုံးသင်တန်းကို မတ် ၃ရက်မှ ဧပြီ ၃ ရက်ထိ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘောလုံးအကယ်ဒမီများတွင် သင်တန်းကြေးအခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခြေခံဘောလုံးသင်တန်းသို့အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ကျား၊မ မည်သူမဆို တက်ရောက်သင်ယူနိုင်မည်ဖြစ်ပြီး အပတ်စဉ် တနင်္လာ၊ဗုဒ္ဓဟူးနှင့်သောကြာနေ့တို့တွင် နံနက် ၇ နာရီခွဲမှ ၉ နာရီထိ အခြေခံဘောလုံးပညာများသင်ကြားပေးသွားမည်ဖြစ်သည်။

MFF-Berocca Summer Football Courseနွေရာသီလူငယ်ဘောလုံးသင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရှိ အာရှဘောလုံးအဖွဲ့ချုပ် နည်းပြလိုင်စင်ရသင်တန်းဆရာများက ကြီးကြပ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသားတစ်ဦးချင်းစီကို ဝတ်စုံနှင့်သင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပြီး ရန်ကုန်သင်တန်းနှင့် မန္တလေးသင်တန်းတို့၌သင်တန်းသားကျား ဦးရေ ၂၀၀ နှင့်မ ဦးရေ ၅၀ စီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် သင်တန်းတက်ခွင့်လျှောက်လွှာများကို သင်တန်းဖွင့်လှစ်မည့် အမျိုးသား ဘောလုံးအကယ်ဒမီ(ရန်ကုန်)၊မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)သို့ ဖေဖော်ဝါရီ ၂၈ ရက်ရုံးချိန်အတွင်း နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ဆက်သွယ်လျှောက်ထားရမည်ဖြစ်ပြီး ဖုန်းဖြင့်ဆက်သွယ် စုံစမ်းမေးမြန်းလိုပါက ၀၉-၂၆၃၀၃၁၆၈၉ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

**STA**

# Genesis Invitational ပြိုင်ပွဲအပြီး မက်ဆူယာမာ ကမ္ဘာ့အဆင့်(၂၀) ပြန်လည်ဝင်ရောက်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့် ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာသည် ပြိုင်ပွဲအပြီးထုတ်ပြန်ခဲ့သော ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ ကမ္ဘာ့အဆင့် ၂၀ အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ခဲ့ကြောင်းယနေ့တွင် ဖော်ပြခဲ့သည်။

Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲအပြီး Official World Golf Ranking (OWGR) ကထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ကမ္ဘာ့အဆင့် ၁ မှ ကမ္ဘာ့အဆင့် ၅ အတွင်း အပြောင်းအလဲမရှိခဲ့ဘဲ အဆင့် ၆ မှအဆင့် ၂၀ အတွင်းနေရာများသာ အပြောင်းအလဲအနည်းငယ်ရှိခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာကကမ္ဘာ့အဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမားမက်အီလ်ရွိုင်းက ကမ္ဘာ့အဆင့်(၂)၊ စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းသည် LIV Golf အဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့ပြီဖြစ်သော်လည်း မပူးပေါင်းခင်ရရှိခဲ့သော ရမှတ်များကြောင့် ကမ္ဘာ့အဆင့် ၃ နေရာတွင် ရပ်တည်ထားနိုင်ဆဲဖြစ်ပြီး နော်ဝေဂေါက်သီးရိုက်ကစားသမား ဗစ်တာဟိုဗ်လန်းက ကမ္ဘာ့အဆင့် ၄ ၊ အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီက ကမ္ဘာ့အဆင့် ၅ နေရာတွင် ဆက်လက်ရပ်တည်ခဲ့ကာ နေရာအပြောင်းအလဲအဖြစ် အမေရိကန် ဂေါက်သီးရိုက်ကစားသမားပက်ထရစ်ကန်တလေသည် ယခင် အဆင့် ၇ နေရာမှ အဆင့် ၆နေရာသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မက်ဆူယာမာသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆင့် ၂၀ အတွင်း ပြန်လည်ဝင်ရောက်လာနိုင်ခဲ့ခြင်းသည် စိတ်ခွန်အားရစေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# MFF AYA Pay Futsal League ပွဲစဉ်(၁၄) ယှဉ်ပြိုင်ကစား



**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF AYA Pay Futsal Leagueပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ကျင်းပခဲ့ကြောင်း သိရသည်။

MFF AYA Pay Futsal Leagueပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များအဖြစ် နံနက် ၈နာရီက Dream Team FC အသင်းနှင့် Linn Latt FCအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Dream Team FC အသင်းက ခြောက်ဂိုး သုံးဂိုးဖြင့် လည်းကောင်း၊ နံနက် ၉နာရီ ၄၅မိနစ်က MIU FCအသင်းနှင့် Let Wel Thone Naraအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ MIU FCအသင်းက ကိုးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲက VUC FC အသင်းနှင့် Futsal Chit Thu အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC FC အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီ ၁၅မိနစ်က Winner Soccer FC အသင်းနှင့် M2K FCအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ M2K FC အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃နာရီက Generations FC အသင်းနှင့် Futsal 19 FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ Generations FC အသင်းက ခြောက်ဂိုး လေးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MFF AYA Pay Futsal Leagueပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များအပြီးတွင် VUC FCအသင်းက ပွဲစဉ်အားလုံးရာနှုန်းပြည့်နိုင်ပွဲရယူထားပြီး ရမှတ် ၄၂မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင်ရပ်တည်နေကြောင်း သိရသည်။

**STA**

# ကဝိလက္ခဏာသတ်ပုံသံပေါက် သို့မဟုတ် မြန်မာစာပေအတွက် ရတနာစာအုပ်တစ်အုပ်




မြန်မာစာပေလေ့လာလိုက်စားသူများ၊ မြန်မာစာချစ်မြတ်နိုးသူများအတွက် ကဝိလက္ခဏာ သတ်ပုံသံပေါက်စာအုပ်အကြောင်း ရေးသားတင်ပြလိုသည်မှာ ကြာပြီဖြစ်သည်။ ယခုမှပင် စာပေလက်ဆောင်အဖြစ် ရေးသားလိုက်ပါသည်။

ဤသတ်ပုံသံပေါက်စာအုပ်ကို ရေးသားတင်ပြချင်သည့်အကြောင်းက နှစ်ချက်ရှိသည်။ ပထမတစ်ချက်သည် ရှေးမြန်မာမင်းများသည် ဗုဒ္ဓဘာသာစာပေ၊ ဗုဒ္ဓဝင်၊ မဟာဝင်မှစ၍ မြန်မာစာပေတွင် အကျုံးဝင်သော ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်းစသည်တို့ကိုအားပေးချီးမြှောက်ရုံမျှမက ကဗျာစာပေရေးသားသူတို့ကိုလည်း ချီးမြှင့်မြှောက်စား၍ ဘွဲ့ထူး၊ ဂုဏ်ထူးများ ပေးသနားခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရသည်။

ထို့ပြင် မြန်မာစာရေးထုံးသတ်ပုံ၊ သတ်ညွှန်းများကိုလည်း မြန်မာမင်းများကိုယ်တော်တိုင် အလေးထားရေးသားပြုစုစေခဲ့ပြီး "မူတစ်ခု၊ စံတစ်ခု" အဖြစ်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရှိရသည်။ ဤကဝိလက္ခဏာသတ်ပုံသံပေါက်သည် မြန်မာမင်းလွှတ်တော်သုံး သံပေါက်၊ သတ်ပုံစာအုပ်ဖြစ်သည်။

ဤသတ်ပုံကျမ်းကြီးတစ်စောင် ဖြစ်ပေါ်လာပုံကိုလေ့လာကြည့်ရာတွင် "မြန်မာမင်း လွှတ်တော်သုံးသတ်ပုံ ၁၅ ကျမ်းကို ရေးသားစီစဉ်တော်မူသောကျမ်းပြုပညာရှိပုဂ္ဂိုလ်ကြီးများနှင့် ရတနာပုံမင်းနေပြည်တော် တောင်ဥယျာဉ်အစည်းအဝေးတွင် သတ်ပုံသတ်ညွှန်းကျမ်းတို့ကို စုံညီညှိနှိုင်းပြဋ္ဌာန်းကြသောပုဂ္ဂိုလ်ကြီးများအား ဂါရဝပြုပါ၏"ဟု ဆိုထားသည်။ ထီးသုံးနန်းသုံး၊ လွှတ်တော်သုံးမြန်မာစာရေးထုံး စံပြုရသည့် သတ်ပုံသတ်ညွှန်းဖြစ်သည်။

ရှေးအထက်က ဖော်ပြပါရှိသည့်အတိုင်း ရှေးမြန်မာမင်းအဆက်ဆက်တို့သည် သင့်လျော်ကောင်းမြတ်သော သတ်ပုံကျမ်းများကို လွှတ်တော်ရုံးများမှအစ အများပြည်သူတို့ လိုက်နာသုံးစွဲရန် သတ်မှတ်ပြဋ္ဌာန်းပေးလေ့ရှိခဲ့ရာ နောက်ဆုံး သီပေါမင်းလက်ထက် ၁၂၄၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက်နေ့တွင် တောင်ဥယျာဉ်အစည်းအဝေး၌ မှူးမတ်စုံညီတို့နှင့် ညှိနှိုင်းပြဋ္ဌာန်းသော သတ်ပုံကျမ်းစာရင်းတွင် ထိုကဝိလက္ခဏာ သတ်ပုံသံပေါက်နှင့် ကဝိလက္ခဏာသတ်ညွှန်း၊ အတိုကောက်တို့ကို လည်း ထည့်သွင်း၍ အသတ်ကာရန်ရေးနည်းများအတွက် လိုက်နာရန် ပြဋ္ဌာန်းပေးခဲ့သည်။ ကဝိလက္ခဏာသတ်ပုံကျမ်းသည် မည်မျှခိုင်လုံ၍ မည်မျှမှီငြမ်းမှုပြုထိုက်သော သတ်ပုံကျမ်းတစ်စောင်ဖြစ်သည်ကို ဖွင့်ထုတ်ချီးကျူးရန်ကား ကုန်နိုင်ဖွယ်မရှိချေ။

ဒုတိယတစ်ချက်သည် ဤသတ်ပုံသံပေါက်ကျမ်းကို ပြုစုခဲ့သူ စိန္တကျော်သူဦးဩသည် ကျမ်းကိုပြုစုစဉ်အခါက အသက် ၁၅ နှစ်မျှသာရှိသေးသည်ကို သတိပြုမိလျက် ကျမ်းပြုဆရာ၏အသက်ပင် ငယ်သော်လည်း ဉာဏ်ပညာ ဗဟုသုတထက်မြက်စွာ လုံ့လဝီရိယပြုခဲ့ခြင်းကြောင့် ကျမ်းကြီးကျမ်းခိုင်တစ်ခု ထွက်ပေါ်လာခြင်းကို သိစေလို၍ဖြစ်ပါ၏။

ဦးဩသည် ကဝိလက္ခဏာသတ်ပုံကျမ်းကို ရွှေတော်ရာဇကျော်ဘွဲ့နှင့် အမှာတော်ရေးအဖြစ် အမှုတော်ထမ်းစဉ် ဟံသာဝတီပါမင်းတရားလက်ထက် ထိုမင်း၏ ဘထွေးတော် သီရိသုဓမ္မရာဇာအမည်ရှိသော ဇေယျာဝဓနတိုင်း အရှင်ရာဇာ တောင်ငူ၏တိုက်တွန်းချက်အရ ၁၁၁၃ ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်နေ့တွင် အပြီးရေးသားပြုစုခဲ့လေသည်။ ထိုစဉ်က ဦးဩသည် အသက် ၁၅ နှစ်မျှသာရှိသေး၍ ရွှေတောင်ရာဇကျော်ဘွဲ့ကို ရရှိပြီးသည်မှာ နှစ်နှစ်ခန့်မျှသာကြာမြင့်ပေသည်။

ဦးဩသည် ဟံသာဝတီပါမင်း၊ အလောင်းမင်းတရား၊ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်၊ စဉ့်ကူးမင်း၊ ဖောင်းကားစားမောင်မောင်၊ ဘိုးတော်ဘုရားဟူသော မင်းခုနစ်ဆက်ကို မီခဲ့သည်ဖြစ်ရာ ကဝိလက္ခဏာသတ်ပုံအပြင် ရတုများ၊ နမက္ကာရအနက်၊ ပဒုံမြို့သမိုင်း၊ နိဗ်ဖြေလင်္ကာ၊ ပင်းတလဲမင်းသား ဧချင်း၊ ကုန်းပဒေသာချီးလူးတား၊ ဝါဆိုစဉ်ရကန်၊ ရာဇဝံသပျို့ခေါ် မင်းဆက်အလင်္ကာနှင့် ဩဝါဒထူးပျို့များကိုလည်း ရေးသားပြုစုခဲ့၏။

ကဝိလက္ခဏာသတ်ပုံကျမ်းသည် လွယ်ကူစွာကျက်မှတ်နိုင်ရန် သံပေါက်သွားဖြင့် စပ်ဆိုထားခြင်းဖြစ်၍ သတ်ပုံသံပေါက် ၁၇၉၃ ပုဒ်နှင့် စကားလုံးရေထုံး ရှင်းချက်အကိုးအကား ၁၆ ပုဒ် စုစုပေါင်း ၁၈၀၉ ပုဒ်ရှိလေသည်။ ဦးဩသည် နဝင်းကျေအောင် ထိုမျှပုဒ်ရေကို ထည့်သွင်းပြုစုလေသလောဟု တွေးဖွယ်ရှိ၏။

ထိုသံပေါက်များတွင် မြန်မာစာ၌ ရေးသားလျက်ရှိသော အသတ် ၄၆ မျိုးအနက် အသတ် ၃၃ မျိုးနှင့် အသတ်လွတ် "အေ အေ့ အေး"ကာရန်သုံးမျိုးအတွက် သံပေါက်များရေးဖွဲ့ထားရာ သတ်ပုံအတွက် အကွဲအလွဲ ဝိဝါဒနည်းပါးသော ကသတ်သုံးချက်၊ သေတ်ကိုးချက်၊ စသတ် တစ်ချက် စုစုပေါင်း အသတ် ၁၃ မျိုးအတွက်မူကား ချန်လှပ်ထားခဲ့သည်ကို တွေ့ရှိရလေသည်။

ကဝိလက္ခဏာသတ်ပုံဆရာသည် သတ်ပုံသံပေါက်တွင် ဗဟုသုတကိုးမျိုးပါဝင်အောင် ထည့်သွင်းစပ်ဆိုထားသည်ကို တွေ့ရ၏။

(၁) ဦးဩသည် ကဝိလက္ခဏာသတ်ပုံကျမ်းတွင် ကဗျာ၊ လင်္ကာ၊ ဆန်း၊ သဒ္ဒါနှင့်ဆိုင်သော ဥပမာကို ထည့်သွင်းစပ်ဆိုခဲ့သည်။ ဥပမာ- သံပေါက်အမှတ် (၁၅) တွင် ရတုချဖွယ်၊ အသွယ်သွယ်၊ ခြောက်ဆယ် ကိရိယာ။ သံပေါက်အမှတ် (၁၆) တွင် ဆန်းဆန်းကြယ်ကြယ်၊ ပညာကျယ်၊ တစ်ဆယ် ဥပစာ။ သံပေါက်အမှတ် (၂၃၂) တွင် ဇော်တစ်ခိုင်လုံး၊ စာစပ်ထုံး၊ အဆုံးများလှလွန်း။

(၂) ဦးဩသည် ရာဇဝင်သမိုင်းဆိုင်ရာ မော်ကွန်းနှင့် ဗဟုသုတများကို ထည့်သွင်းစပ်ဆိုထားသည်။ ဥပမာ- သံပေါက်အမှတ် (၆) တွင် မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင့်သည်သာ။ သံပေါက်အမှတ် (၁၃) တွင် မင်းပရိယာယ်၊ တေင့်တယ်၊ နားဝယ် မလည်ရှာ။ သံပေါက်အမှတ် (၂၆၉) တွင် ရာဇသင်္ကြံ၊ ပညာလျှံ၊ ပုဂံပြည်လုံးကဲ။ သံပေါက်အမှတ် (၂၇၀) တွင် နော်ရထာ့ကံ၊ အရဟံ၊ ခုနံပျံ့ကျလာဝဲ။

(၃) ဦးဩသည် ပိဋကတ်၊ အဋ္ဌကထာဆိုင်ရာ ဗဟုသုတတို့ကို ထည့်သွင်းစပ်ဆိုခဲ့သည်။ ဥပမာ- သံပေါက်အမှတ် (၁) တွင် ရောင်ခြည်ခြောက်သွယ်၊ ဘဝဂ်ကယ်၊ အံ့ဖွယ်ဆယ့်ရှစ်ဖြာ။ သံပေါက်အမှတ် (၁၅၂) တွင် ဇာဒိတ်နှင့်ကြုံ၊ မြစ်ရေတုံ၊ အဟုံစီးမပြေး။ သံပေါက်အမှတ် (၄၈၆) တွင် လက်ဝဲနေတန်၊ မောဂ္ဂလန်၊ မြင်းထန်ဘုန်းတေဇာ။

(၄) ဦးဩသည် နက္ခတ်ဗေဒင်စသော ဇာတိရအတတ်နှင့်ဆိုင်ရာ ဗဟုသုတကိုလည်း ထည့်သွင်းဖွဲ့ဆိုသည်။ ဥပမာ- သံပေါက်အမှတ် (၂၃၅) တွင် ဘုံနန်းသလွန်အုံး၊ ကြာရှက်ဆုံး၊ မသုံးပယ်လိုက်ထွန်း။ သံပေါက်အမှတ် (၂၃၈) တွင် နန်းမြင့်သူခေါင်းအုံး၊ လှယဉ်ဆုံး၊ ထုံးထုံးပြတ်ပြတ်ဆန်း။ သံပေါက် (၉၉၆) တွင် ခြသေ့်နေမှတ်၊ ကရကဋ်၊ ချစ်မြတ်ဆွေအိမ့်ရှင်။

(၅) ဦးဩသည် ဆေးကျမ်းနှင့်ဆိုင်ရာ ဗဟုသုတများကိုလည်း ထည့်သွင်းစပ်ဆိုခဲ့သည်။ ဥပမာ- သံပေါက်အမှတ် (၇၀) တွင် ငါ့အနာပဲ၊ ဆေးပုလဲ၊ ပျောက်ရဲအောင်ကုစား။ သံပေါက်အမှတ် (၇၁၆) တွင် နာဖျားမကျန်း၊ ပမာမြန်း၊ ယက်မန်းသောက်ပါလေ။ သံပေါက်အမှတ် (၁၂၀၃) တွင် ဝမ်းကျသည်ပိတ်၊ မစဲတိတ်၊ ပိတ်သင်းခတ်နှင့်သင့်။

(၆) ဦးဩသည် ပေါရာဏစကားလုံးများလည်း ထည့်သွင်းသုံးသည်။ ဥပမာ- သံပေါက်အမှတ် (၁၃) တွင် လုလင်သမဲ၊ အမိညဲ၊ မြဲစေကျင့်ငါးပါး။ သံပေါက်အမှတ် (၃၆) တွင် ကလူကလဲ၊ သူညဦးဆဲ၊ ဆင်းရဲလွန်ညှိုးပါး။ သံပေါက်အမှတ် (၁၂၅) တွင် ပတ္တံ့ပလဲ့၊ အကြွင်းမဲ့၊ မဟဲ့ဆိုရမည်။

(၇) ဦးဩသည် ဓမ္မသတ်နှင့်ဆိုင်ရာများ ထည့်သွင်းဖွဲ့သည်။ ဥပမာ- သံပေါက်အမှတ် (၁၆၀) တွင် ရှစ်ပါးအင်စုံ၊ တရားခုံ၊ ပယ်ဘုံမြော်ထောက်ထွေး။ သံပေါက်အမှတ် (၃၃၀) တွင် သုံးပါးဝန္တံ၊ အာမခံ၊ ပေးနှံလေးခုကဲ။ သံပေါက်အမှတ် (၄၁၃) တွင် နှစ်မည်လောင်းတမ်း၊ မြော်စူးစမ်း၊ ပေးကမ်းအင်ခြောက်ဆိုင်။

(၈) ဦးဩသည် မဏိသျှတ္တရ၊ ဂဇသျှတ္တရ၊ အဿသျှတ္တရ စသော ကြန်အင်္ဂါဆိုင်ရာ ဗဟုသုတများကိုလည်း ထည့်သွင်းစပ်ဆိုသည်။ ဥပမာ- သံပေါက်အမှတ် (၅၄) တွင် အရောင်ရဲရဲ၊ ကျောက်မျက်ရွဲ၊ ပုလဲမျိုးရှစ်ပါး။ သံပေါက်အမှတ် (၃၃၇) တွင် နတ်သယာဉ်စံ၊ တည်နှင့်တံ၊ ဟိုင်းဟန်စွယ်စုံပြ။ သံပေါက်အမှတ် (၁၄၀၁) တွင် မြင်းတော်လျှပ်လျှပ်၊ ပုံချပ်ချပ်၊ အာစပ်ရေပါးလွှာ။

(၉) ဦးဩသည် အထွေထွေဗဟုသုတများကို ထည့်သွင်းစပ်ဆိုသည်။ ဥပမာ- သံပေါက်အမှတ် (၃၀၁) တွင် သတ္တဝါညံ၊ လည်းကောင်းနှံ၊ ဖျံလည်းအမျိုးကွဲ (သတ္တဗေဒ)။ သံပေါက်အမှတ် (၅၉၀) တွင် လှေတော်သမ္ဗန်၊ သင္ဘာဒါန်၊ မြန်သန်ပေးလျင်စွာ။ (လှေဆိုင်ရာ)။ သံပေါက်အမှတ် (၈၂၀) တွင်- ကရိကျိုးကျိန်၊ ကျေးနှင့်မိန်၊ ပိန်ညင်းမြူးရွှင်ခြင်း။ (ငှက်ဆိုင်ရာ)။

ဤသို့အားဖြင့် ကဝိလက္ခဏာသတ်ပုံကျမ်းသည် ဗဟုသုတပကာသနီလည်း ဖြစ်ပေတော့သည်။ ထိုမျှလောက်ပြည့်စုံကြွယ်ဝ၍ စုံလင်ခိုင်လုံလှသော သတ်ပုံကျမ်းတစ်စောင်အဖြစ်သို့ ရောက်ရှိလာသည်မှာ ဦးဩသည် နိဒါန်းနှင့်နိဂုံးတွင်ဝန်ခံထားသည့်အတိုင်း ရှင်မဟာရဋ္ဌသာရ စသောပညာကျော်တို့ကို အလေးအစားအားထားမှီငြမ်းပြုခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ဦးဩသည် ရှင်မဟာရဋ္ဌသာရထံမှ အတုယူရေးသားခဲ့သည်မှာ ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့တွင် ရှင်မဟာရဋ္ဌသာရက **"လုလင်သမဲ၊ အမိညဲတို့၊ ရဲလောအလှူ"**ကို ဦးဩက ကဝိလက္ခဏာသံပေါက်တွင် **"လုလင်သမဲ၊ အမိညဲ၊ မြဲစေကျင့်ငါးပါး"**ဟူ၍ အတုယူရေးသားခဲ့သည်။

ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် "သဘင်မပြု၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ"ဟူ၍ ရေးဖွဲ့ခဲ့၏။ ဦးဩက "သဘင်မပြု၊ အကျယ်ချဲ့၊ ပြုပြုသိသာမည်"ဟူ၍ မှီးထားသည်ကို တွေ့ရသည်။

ရှင်မဟာရဋ္ဌသာရက "သံပဟုံးစုံး၊ ဖက်မဲ့ကြုံးသား၊ အားသုံးထောင်ထား"ဟု ရေးထားသည်ကို ဦးဩက "သံပဟုံးစုံး၊ ဖက်မဲ့ကြုံး၊ လက်ရုံးဆန့်တန်းတန်း"ဟူ၍ မှီငြမ်းပါသည်။

ရှင်မဟာသီလဝံသထံမှလည်း မှီငြမ်းရာတွင် ဆုတောင်းခန်းပျို့မှ "မရအကျွမ်း၊ မီးဝါဂွမ်းသို့၊ အသွမ်းထွေငေါ်"ကို ဦးဩက "မရအကျွမ်း၊ မီးဝါဂွမ်း၊ ပေါ့သွမ်းအခေါင်တိုင်"ဟု ယူပါသည်။ "သားညှင်းအသွင်၊ မီးဝယ်ကင်သို့၊ ပိတ်ပင်မပြန့်၊ ရှုံ့ရှုံ့တွန့်လျက်"ဟူသော ရှင်မဟာသီလဝံသ၏စာကို ဦးဩက "ရှပ်ဝါမပြန့်၊ ရှုံ့ရှုံ့တွန့်တန့်၊ ကျဲတောဟင်းရွက်"ဟု မှီငြမ်းသုံးခဲ့သည်။

ရှင်အဂ္ဂသမာဓိ၏ ဘုံခန်းပျို့တွင်သုံးခဲ့သော "တွံ့တွံ့ကုံ့ကုံ့၊ ပြင်ဆုံ့ဆုံ့နှင့်၊ ကြေးမုံမျက်နှာ"ဟူသောစာသားကို ဦးဩက "ရွှန်းရွှန်းကုံ့ကုံ့၊ ပြင်ဆုံ့ဆုံ့၊ ဦးတုံ့နောင့်သာချင်း"ဟု မှီငြမ်းခဲ့သည်။

"အဆန်းအဆန်း၊ ရွှေကျီးရန်းနှင့်၊ မကန်းခံတွင်း"ဟူသောအဖွဲ့ကို ဦးဩက "အဆန်းအဆန်း၊ ရွှေကျီးရန်း၊ မကန်းအထွေထွေ"ဟူ၍ မှီငြမ်းစပ်ဆိုခဲ့သည်။

**သတ်ပုံသတ်ညွှန်းအရေးကြီး**

သာလွန်မင်းတရားကြီးလက်ထက်တော်ကာလတွင် ဝန်စာရေး ဘုရင်ထံသို့ သဝဏ်လွှာတင်ရာတွင် "မြို့ဝန်"ကို "မြို့ဝံ"ဟု နသတ်ရမည့်နေရာတွင် သေးသေးတင်နှင့် ဝံမိသဖြင့် စာကိုပစ်လိုက်ကာ စာရေးလည်း ရာဇဝတ်ဒဏ် ခံရဖူးချေသည်။

ဆင်ဖြူရှင် မှန်နန်းသခင်လက်ထက်တွင်လည်း လွှတ်တော်စာရေးသည် "ရွှေကြက်ယက်"ကို "ရွှေကျက်ယက်"ဟုရေးသဖြင့် သစ်ရှင်ပညာရှိက နန်းတော်က စာမဟုတ်ဟူ၍ အရေးဂရုမပြုချေ။ နောက်မှ ဘုရင်မင်းတရားသိသောအခါ လွှတ်တော်စာရေးကို ရာဇဝတ်ခံစေ၍ သစ်ရှင်ပညာရှိကို စာလုံးပေါင်းအမှန်နှင့်စာပြန်ပို့ရဖူးသည်။

ဘုန်းတော်ကြီးတစ်ပါးသည်လည်း စာထုတ်ရန်ရေးသည့်စာကို တသတ်နှင့်မထုတ်ဘဲ ပသတ်နှင့် ထုပ်သဖြင့် စာကိုမထုတ်ဘဲ သိမ်းထားသည်ဟု ဆိုပါသည်။

ရှေးပညာရှိတို့ ပြုစုရေးသားသောစာပေတို့သည် အလွန်တန်ဖိုးရှိလှသည်။ ယခုလည်း စိန္တကျော်သူဦးဩပြုစုရေးသားခဲ့သော ကဝိလက္ခဏာသတ်ပုံသံပေါက်သည် မြန်မာစာပေအတွက် တန်ဖိုးမဖြတ်နိုင်သော သတ်ပုံသတ်ညွှန်း ရေးထုံးအဖြစ် စံထားနေရဆဲဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

**ကိုးကား**

- **မြန်မာစာပေသမိုင်း ဦးဖေမောင်တင်**
- **စာဆိုတော်များ အတ္ထုပ္ပတ္တိ**
- **မြန်မာစာညွှန့်ပေါင်းကျမ်းများ**

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives delegation led by Deputy Party Secretary Governor of Yunnan Province, China



Senior General Min Aung Hlaing receives Deputy Party Secretary Governor of Yunnan Province of China H.E Mr Wang Yubo.

**Nay Pyi Taw February 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Deputy Party Secretary Governor of Yunnan Province of China H.E Mr Wang Yubo, that paid a courtesy call at the Credentials Hall of the Office of the SAC in Nay Pyi Taw this morning.

Also present together with the Senior General were Joint Secretary Lt-Gen Ye Win Oo of the SAC, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister for Commerce U Tun Ohn and officials and the Chinese delegation was accompanied by Chinese Ambassador to Myanmar H.E. Mr Chen Hai and officials.

The Senior General and the delegation frankly exchanged views on friendship visits by national level officials of the two countries, future friendship visits of national level officials from both countries for promotion of cooperation and friendship, the need to promote political trust building and economic ties between the two governments, possibilities to restore and promote border trade and commodity flow with Yunnan Province, which shares longest border with Myanmar, peace negotiations to maintain stability in Myanmar and border areas and mediation of China in the peace processes, the need to take effective comprehensive measures for cross-border law enforcement and stability, cooperation between the two countries for eradication of online gambling and online scams in border areas and further cooperation, the need to cooperate between the two countries for the combat against narcotic drugs, technical assistance for development of agriculture and livestock breeding in Myanmar by Yunnan Province, facilitation of border trade thanks to direct payments of MMK and Chinese Yuan, tasks being carried out for construction of railroads that are essential for trade and road transport between the two countries and promotion of cooperation between the two countries in various sectors including the electricity generation, energy, agriculture and horticulture sectors.

After the discussions, the Senior General and the deputy party secretary governor of Yunnan Province exchanged gifts and posed for documentary photographs with attendees. 100



Senior General Min Aung Hlaing and Deputy Party Secretary Governor of Yunnan Province of China H.E Mr Wang Yubo pose for group photo.

# Delegation led by Russian Deputy Foreign Minister pays courtesy call on SAC Chairman Prime Minister Senior General Min Aung Hlaing



Senior General Min Aung Hlaing receives Deputy Foreign Minister of the Russian Federation H.E. Mr. Andrey Rudenko.


**Nay Pyi Taw February 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Deputy Foreign Minister of the Russian Federation H.E. Mr. Andrey Rudenko at the Credentials Hall of the SAC Chairman's Office here this afternoon.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Deputy Foreign Affairs Minister U Lwin Oo and officials. The Russian Deputy Foreign Minister was accompanied by Russian Ambassador to Myanmar H.E. Mr. Iskander Azizov and officials.

In their meeting, both sides cordially discussed the long and strong diplomatic relations between Myanmar and Russia, and the further improved friendship and cooperation, the two countries' leaders and high-ranking officials visiting each other on friendly trips, the running of flights between the two countries to improve bilateral tourism and trade activities, cooperation in the peaceful use of nuclear technology, cooperation in the development of the social and education sectors, cooperation plans for obtaining sufficient fertilizers for Myanmar and hydroelectric power and solar power generation, and further developing friendship and cooperation between the two countries.

After the meeting, the Senior General and the Russian Deputy Foreign Minister exchanged souvenirs and posed for a documentary photo. 100



Senior General Min Aung Hlaing shakes hands with Deputy Foreign Minister of the Russian Federation H.E. Mr. Andrey Rudenko.

# MGDB disburses more than K110 billion to sunflower growers in Mandalay Region


A sunflower plantation.

**Mandalay February 20**

Mandalay Region Manager U Soe Ko Ko Win of Myanmar Agricultural Development Bank said that the bank has issued more than K110 million loans to local farmers of growing winter sunflower in cold season in Mandalay Region.

Starting from the second week of December, the bank disbursed K112.3 million loans to more than 600 farmers for cultivation of 1,123 acres of farmlands.

"The bank cooperates with relevant departments in disbursement of loans to winter sunflower growers. It started in the second week of October. So far, loans have been distributed to all local farmers. It is a soft interest loan. We issued K100,000 per acre of winter sunflower," he explained.

The disbursement of loans covered farmers from PyinOoLwin Township to grow 193 acres of sunflower and 930 acres in Kyaukpadaung Township. A plan is underway to issue more loans to local farmers in coming financial year.

185

# Bogale Township sends 85,000 baskets of Hnanka paddy to Yangon in January

**Bogale February 20**

U Htay Win, owner of rice and paddy trading depot in Bogale Township of Ayeyawady Region, said that a total of 85,000 baskets of Hnanka paddy to Yangon market in January.

The township could send 65,000 baskets of Hnanka paddy to Yangon in December. During the whole January, local farmers and traders sent 85,000 baskets of same paddy to Yangon. Hnanka is involved in the non-premium paddy strains.

"Last month, we sold 85,000 baskets of Hnanka paddy in Yangon. Bogale Township primarily sends its agricultural produce to Yangon market. Hnanka is involved in the non-premium paddy strains most of the people prefer. Currently, prices of paddy are still high. We have many offers from merchants from Yangon, so we do not have any difficulties in distribution of paddy," said U Htay Win.

Last month, Hnanka paddy strain fetched K1.75 million per 100 baskets. Increasing prices of paddy help local farmers and those from the agricultural arena easily earn incomes.

Kyaw Kyaw Lin


A large pile of newly harvested paddy.

# More than 140,000 acres of monsoon paddy harvested in Kangyidaunt Township

**Kangyidaunt February 20**

U Win Soe, Head of Pathein District Agriculture Department, said that local farmers have harvested all 143,988 acres of monsoon paddy in Kangyidaunt Township of Ayeyawady Region.

The township has earmarked cultivation of 143,988 acres of monsoon paddy last year and harvested them staring from the second week of October 2023. It yielded 87.46 baskets per acre.

"Our Agriculture Department cooperates with relevant departments in providing assistance such as agricultural techniques, use of pesticides and increasing per-acre yield to local farmers. The paddy in the township is quality and high yield," he explained.

Staff members of the department help local farmers prevent insects and bacteria and snails and boost per-acre yield.

The Department of Irrigation and Water Utilization Management, the Agricultural Mechanization Department and other relevant departments also provide assistance to local farmers for increasing per-acre yield of monsoon paddy.

Kyaw Kyaw Lin

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Demand of Chickpea and mung bean surges in Mandalay's bean and sesame market

**Mandalay February 20**

The trade of chickpeas and mung beans is received good demand in the Mandalay's bean and sesame market, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

"At the Mandalay Commodity Exchange, chickpeas and mung beans are trading again, as well as other commodities such as maize, wheat, and Chinese beans are trading well in the market. Other commodities such as wheat and green beans are trading as usual," he continued.

According to the market price of Mandalay beans, maize, and sesame on February 5, the price of chickpea (V2) was 305,000 kyats per three-basket bag, chickpea (V7) was 308,000 kyats per three-basket bag, and chickpea (929) was at 286,000 kyats per three-basket bag.

Similarly, according to the status of the bean and sesame market, trading is going well, and the market price of mung beans is 325,000 kyats per bag on February 5.

184


Chickpeas for sale at a market.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်လေတပ်မှ EA-37B လေယာဉ်လေးစင်းအတွက် အဆင့်မြင့်အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ လက်ခံရရှိမည်



အမေရိကန်လေတပ်သည် EA-37B လေယာဉ်လေးစင်းအတွက် အဆင့်မြှင့်တင်ထားသော အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ (EW) ကို ဗြိတိန်နိုင်ငံ BAE Systems ကုမ္ပဏီမှ လက်ခံရရှိမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မျိုးဆက်သစ် နည်းဗျူဟာမြောက် Compass Call လေယာဉ်များသည် ဆက်သွယ်ရေး၊ လမ်းကြောင်းထိန်းနှင့် လေကြောင်းရန်ကာကွယ်ရေးအတွက် ရန်သူလျှပ်စစ်သံလိုက်လှိုင်း အသုံးပြုမှုများကို နှောင့်ယှက်ခြင်းနှင့်ဖျက်ဆီးခြင်း စသည်တို့ကိုလုပ်ဆောင်နိုင်သည့် တာဝေးပစ် လျှပ်စစ်သံလိုက်လှိုင်း တိုက်ခိုက်ရေးစွမ်းအားစုများဖြစ်သည်ဟု BAE Systems ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ လက်ရှိ အီလက်ထရွန်နစ် စစ်ဆင်ရေးသုံးလေယာဉ်အုပ်တွင် EC-130H Compass Call လေယာဉ်သည် လျှပ်စစ်သံလိုက်လှိုင်းတိုက်ပွဲများအတွက် တာဝေးပျံသန်း၍ ဖျက်ဆီး၊ နှောင့်ယှက်၊ စစ်ဆင်နိုင်စွမ်းရှိသည့် တစ်ခုတည်းသော အီလက်ထရွန်နစ် စစ်ဆင်ရေးလေယာဉ်အမျိုးအစားဖြစ်သည်ဟု BAE Systems ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ယခုအခါ အမေရိကန်လေတပ်သည် EC-130H လေယာဉ်များနေရာတွင် ခေတ်မီအဆင့်မြင့် EA-37B လေယာဉ် ၁၀ စင်းဖြင့် အစားထိုးခဲ့ပြီး လေယာဉ်နံပါတ် ၇ မှ ၁၀ တို့တွင် အဆင့်မြင့်အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် (EW) များ တပ်ဆင်သွားမည်ဖြစ်သည်။

အဆိုပါအဆင့်မြင့် EW စနစ်များသည် လေယာဉ်၏ အမြန်နှုန်း၊ အမြင့်၊ လေထဲတွင် ကြာရှည်ပျံသန်းချိန်နှင့် ရှင်သန်ရပ်တည်နိုင်မှုတို့တွင် တိုးတက်မှုများဖြင့် တိုက်ပွဲဝင်အသင့်ဖြစ်မှုကို မြင့်မားကောင်းမွန်စေမည်ဖြစ်သည်။ EA-37B လေယာဉ်တွင် အသုံးပြုသွားမည့် အဆင့်မြင့် EW စွမ်းရည်များသည် အမေရိကန်လေတပ်နှင့် မဟာမိတ်တပ်ဖွဲ့များအတွက် အထောက်အပံ့ဖြစ်စေလိမ့်မည်ဖြစ်သည်။ EA-37B လေယာဉ်အုပ် တန်းပြည့်တာဝန်ထမ်းဆောင်နိုင်လာသည်နှင့်အမျှ အမေရိကန်လေတပ်သည် လျှပ်စစ်သံလိုက်လှိုင်းများနှင့်ပတ်သက်၍ ပိုမိုကောင်းမွန်စွာ စိုးမိုးထိန်းချုပ်ထားနိုင်လိမ့်မည်ဖြစ်သည်ဟု BAE Systems ကုမ္ပဏီ Compass Call လေယာဉ်၊ နည်းပညာဆိုင်ရာ ဒါရိုက်တာ Dua-ne Beaulieu က ပြောကြားခဲ့သည်။

BAE Systems ကုမ္ပဏီသည် Compass Call EW Mission System သုံးလေယာဉ်ကို နှစ်ပေါင်းများစွာကြာထုတ်လုပ်ပံ့ပိုးပေးခဲ့ပြီး ပြောင်းလဲလာသောခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် နည်းပညာကို စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခြင်းများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ EA-37B လေယာဉ်အဆင့်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

BAE Systems ကုမ္ပဏီသည် EA-37B လေယာဉ်တွင် လေယာဉ်ကိုယ်ထည်ပိုင်းကို ပိုမိုသေးငယ်အောင် ဒီဇိုင်းပိုင်းပြင်ဆင်ထုတ်လုပ်နိုင်ခဲ့သည်။ ပထမဆုံး EA-37B လေယာဉ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်းက အမေရိကန်လေတပ်ထံ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်။ L3Harris ကုမ္ပဏီကတာဝန်ယူ၍ လေယာဉ်၏ ပထမဆုံးပျံသန်းမှုကို လုပ်ဆောင်ခဲ့ပြီးနောက် ခြောက်လအကြာတွင် ပေးပို့ခြင်းဖြစ်ခဲ့သည်။ Compass Call အီလက်ထရွန်နစ် စစ်ဆင်ရေးသုံးလေယာဉ်သည် ရန်သူများ၏ အမိန့်ပေးထိန်းချုပ်မှု၊ တွက်ချက်မှု၊ ဆက်သွယ်ရေး၊ တိုက်ခိုက်ရေးစနစ်များနှင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ကင်းထောက်မှုနှင့် ပစ်မှတ်ထားတိုက်ခိုက်မှု (C5ISRT)စွမ်းရည်များကို တန်ပြန်ရန်အတွက် ရည်ရွယ်ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။

**Four US Air Force EA-37Bs to Receive Upgraded EW Systems ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံက တန်ပြန်ဒရုန်းတိုက်ဖျက်ရေးအတွက် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိ

ယူကရိန်းနိုင်ငံသည် စစ်ဆင်ရေးဒေသများနှင့် နိုင်ငံပိုင်နက်နယ်နိမိတ်များတွင် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ (EW) တပ်ဆင်အသုံးပြုရန် စီမံချက်များ ရေးဆွဲ၍ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုစီမံချက်များသည် ၂၀၂၄ ခုနှစ်တွင် ယူကရိန်းအစိုးရအတွက် ထိပ်တန်းဦးစားပေးဖြစ်သော မဟာဗျူဟာများထဲမှ တစ်ခုလည်းဖြစ်ပြီး ရုရှားနိုင်ငံ၏ ဒရုန်းနှင့် ခရုဇ်ဒုံးကျည်တိုက်ခိုက်မှုများမှ အရေးကြီးသော အခြေခံအဆောက်အအုံများနှင့် စစ်ရေးစွမ်းအားစုများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ယူကရိန်းသမ္မတ ဇီလန်စကီးသည် မကြာသေးမီက ပြောကြားခဲ့သောမိန့်ခွန်းတစ်ရပ်တွင် အဆိုပါစီမံချက်များပါဝင်လာခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် ယူကရိန်းလေပိုင်နက်နှင့်တပ်ဖွဲ့ဝင်များကို ကာကွယ်ရာတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များနှင့်ရွေ့လျားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ (ADF)တို့၏ အရေးပါသော အခန်းကဏ္ဍကို အလေးပေးထည့်သွင်းပြောကြားခဲ့သည်။

ယခုနှစ် တပ်ဖွဲ့ဝင်များ ဒရုန်းတိုက်ခိုက်မှုများကြောင့် ဆုံးရှုံးမှုကြီးမားခဲ့ရပြီး လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေး လက်နက်စနစ်များ ယူကရိန်းနိုင်ငံ ဒေသအများအပြားတွင် ထပ်မံတပ်ဖြန့်ပေးသွားရန် ပြောကြားခဲ့သည်။ လက်ရှိ ဖြန့်ကြက်အသုံးပြုလျက်ရှိသော တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များတွင် ထက်ဝက်ခန့်မှာ ယူကရိန်းနိုင်ငံထုတ်များဖြစ်ပြီး ကျန်တစ်ဝက်မှာ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သမ္မတဇီလန်စကီးက ပြောကြားသည်။

ထို့ပြင် ယူကရိန်းနိုင်ငံ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဝန်ကြီးဌာန ဝန်ကြီး Mykhailo Fedorov က အီလက်ထရွန်နစ် စစ်ဆင်ရေးလက်နက်စနစ်များကို ပြည်တွင်းမှ စွန့်ဦးတီထွင်ထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် အပြိုင်အဆိုင်ထုတ်လုပ်အသုံးပြုနိုင်ရေး ကြိုးပမ်းသွားရန် ဆန္ဒရှိကြောင်း၊ ဒရုန်းများအပြိုင်အဆိုင် တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ခဲ့သကဲ့သို့ အတူယှဉ်၍ အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန် ရည်ရွယ်သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ဆက်လက်၍ ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနသည် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သုံးပစ္စည်းကိရိယာများကို ဝယ်ယူရန် ပြည်တွင်းကုမ္ပဏီများနှင့် စာချုပ်များချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်ကြောင်း Fedorov က ပြောကြားခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်ဘက်သုံး ဒရုန်းများကို တန်ပြန်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းရေးဆွဲကာ ထုတ်ထားသော ပြည်တွင်းထုတ် ရေဒီယို-အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်သစ်များကို တပ်ဖြန့်အသုံးပြုရန်ခွင့်ပြုခဲ့ပြီး ခေတ်မီ



လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိရေးအတွက် ယူကရိန်း၏ ကာကွယ်ရေးစွမ်းရည်ကို သိသာထင်ရှားသော အဆင့်မြှင့်တင်မှုများလုပ်ဆောင်လာခဲ့ခြင်းလည်းဖြစ်သည်။

အနောက်နိုင်ငံအများအပြားက အထူးသဖြင့် ဗြိတိန်နိုင်ငံနှင့် လစ်သူယေးနီးယားနိုင်ငံတို့သည် ယူကရိန်းသို့ဒရုန်းအများအပြားလွှဲပြောင်းပို့ဆောင်ရန် ရည်ရွယ်သည့် ဒရုန်းညွန့်ပေါင်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဒရုန်းညွန့်ပေါင်းအဖွဲ့တွင် နယ်သာလန်နှင့် ဆွီဒင်နိုင်ငံအပါအဝင် အခြားနိုင်ငံအချို့ပါပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် (EW)သည် ခေတ်သစ်ပဋိပက္ခများတွင် အဓိကအခန်းကဏ္ဍတစ်ခု ဖြစ်လာခဲ့ပြီး ထိုးစစ်နှင့်ခံစစ် ရည်ရွယ်ချက်နှစ်ခုစလုံးအတွက် လျှပ်စစ်သံလိုက်လှိုင်းများကို အသုံးပြုခြင်းဖြင့် ပဋိပက္ခရလဒ်များအပေါ် နက်ရှိုင်းစွာ ဩဇာလွှမ်းမိုးထားနိုင်ခဲ့သည်။ ထိုသို့ EW စနစ်ဖြင့် ရန်သူရေဒါနှင့် ဆက်သွယ်ရေးစနစ်များကို ပိတ်ဆို့ခြင်း၊ မိမိကိုယ်ပိုင် အီလက်ထရွန်နစ်ကွန်ရက်များအပေါ် ရန်သူဘက်က ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ခြင်းနှင့်အီလက်ထရွန်နစ်နည်းလမ်းများဖြင့် ထောက်လှမ်းရေးသတင်းအချက်အလက်များ စုဆောင်းခြင်းကဲ့သို့သော လုပ်ဆောင်ချက်များ ပါဝင်ကြောင်း သိရသည်။

**Ukraine strengthens defense against drones with electronic warfare systems ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့ ရာဇဓိရာဇ်လမ်း ရတနာဒီပရပ်ကွက် အမှတ်(၉) တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်တိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၂-၂၀၂၄ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မွန်တိုးတက်ရေးပါတီ၏ အလံပုံစံ



မွန်တိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန်လိုအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တုံဂူရိဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ MSMEs လုပ်ငန်းရှင်များ တက်ရောက်ကြပြီး အာဆီယံ-ဂျပန်စင်တာမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံ-ဂျပန်စင်တာမှ "ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု" နှင့် "လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု" တို့နှင့်စပ်လျဉ်းသော စီမံကိန်းနှစ်ခုကိုရရှိထားကြောင်း၊ ယင်းစီမံကိန်းများအနေဖြင့် ပြည်တွင်း MSMEs လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းနိုင်သော စီးပွားရေးအသိအမြင်များနှင့် ကွန်ရက်ချိတ်ဆက်မှုအခွင့်အလမ်းများကို ဖန်တီးပေးရန်ရည်ရွယ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အခွင့်အလမ်းများ ပေးနိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းတွင် အလုပ်အကိုင်ပေါင်းသန်း ၃၂၀ ကျော်ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အချုပ်၏ အစီရင်ခံစာတွင်တွေ့ရှိရကြောင်း၊ MSMEs လုပ်ငန်းများသည် နိုင်ငံ၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများအောင်မြင်ရန် ငွေကြေး၊ လူသားအရင်းအနှီး၊ လုပ်ငန်းကွန်ရက်များနှင့် ဈေးကွက်ရရှိမှုပေါ်တွင် မူတည်လျက်ရှိကြောင်း၊ MSMEs လုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံ-ဂျပန်စင်တာမှ Programme Director Mr. Chairat Liengkajornkiet က အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် MSMEs လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ လုပ်ငန်းစဉ်များ၊ ငွေကြေးနှင့်ဈေးကွက်ရှာဖွေရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများသည် အဖွဲ့လိုက်ခွဲ၍ ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး ၇၆ နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ကျင်းပသော စိန့်ပီတာစဘတ်-မြန်မာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ စိန့်ပီတာစဘတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးအကဲ Mr. Vladimir Zapevalov၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုံး၊ စိန့်ပီတာစဘတ်ကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်၊ စိန့်ပီတာစဘတ် တရားရေးဆိုင်ရာဌာနမှ ဒုတိယဥက္ကဋ္ဌ Mr. Nikolay Bondarenko တို့က Hybrid စနစ်ဖြင့် တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov က Video message ပေးပို့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာအချက်အလက်များကို ပံ့ပိုးပေးသွားမည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသသွားနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ခရီးသွားမြှင့်တင်ရေး ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ





တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ယနေ့နံနက်ပိုင်းပွဲစဉ်အဖြစ် (က)အဆင့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံရေတပ်ဖွဲ့ကိုယ်စားပြု ရေတီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ စစ်တက္ကသိုလ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်းနှင့် (ခ)အဆင့်ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများဆက်လက်ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တွေ့ဆုံလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး (YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင် နာယက အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း YMBA (ဗဟို) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်တို့ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် YMBA (ဗဟို)ဥက္ကဋ္ဌရုံး၌ တွေ့ဆုံစဉ် မှာကြားခဲ့သည့် လမ်းညွှန်ချက် များ ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနား ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ YMBA(ဗဟို)အသင်းကြီး၌ ပြုလုပ်ရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဥက္ကဋ္ဌ YMBA သဘာဝဘေး အန္တရာယ် ကူညီကယ်ဆယ်ရေးအဖွဲ့ နာယက အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတဓရ ဦးရဲထွန်းက ထပ်ဆင့်ရှင်းလင်းမှာကြားသည်။



ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး(YMBA)၏ ရာသက်ပန်ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာမင်္ဂလမဓမ္မဇောတိကဓဇ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တွေ့ဆုံလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းခြင်းအခမ်းအနား ကျင်းပစဉ်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း YMBA (ဗဟို) တိုင်းဒေသကြီး နှင့် ပြည်နယ်ဥက္ကဋ္ဌများ၊ ညှိနှိုင်းရေးမှူးက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ လည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း YMBA (ဗဟို) တွဲဖက်အတွင်းရေး မှူး သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ် ရေးအဖွဲ့ခေါင်းဆောင်က သဘာဝဘေး အန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ နှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီး YMBA အသင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး YMBA အသင်း ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မွန်ပြည်နယ် YMBA အသင်းဥက္ကဋ္ဌ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးဗဟိုအဖွဲ့ဝင်က သဘာဝ ဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးလုပ်ငန်း များနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူ များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် YMBA အသင်းများနှင့် စေတနာရှင်ပြည်သူများ က လှူဒါန်းသည့် အဝတ်အထည်များကို YMBA (ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ထံ သက်ဆိုင်ရာတာဝန်ရှိသူများကပေးအပ် လှူဒါန်းကြသည်။ ထို့နောက် YMBA (ဗဟို) ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင် လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများလာရောက် ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲ ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်း မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၁၁၇၄၃၉၆၀ တန်ဖိုးရှိ စားသောက် ဖွယ်ရာများကိုလည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်း မိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ နှင့် ငွေကျပ် ၆၃၄၅၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ များကိုလည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ မြို့တော်ဝန်တို့က တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။



ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်စဉ်။

# မိုးကောင်းမြို့နှင့် ပူတာအိုမြို့တို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံပွဲ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂၇/ ၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာ တည်ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့တော် ခန်းမရှေ့နှင့် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက် ဘောလုံးကွင်းတို့၌ အသီးသီးပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံ တိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌ စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက် ထောက်ခံကြသည်။ ချီတက်ရာလမ်း တစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူ များက "နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေး သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်၊ ဒီတာဝန်အရေးသုံးပါးကို ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြား ရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝထောက်ခံကြိုဆိုပါသည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုထောက်ခံ ပါသည်ဟု တစ်ခဲနက်ဆန္ဒထုတ်ဖော် ဟောပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြကြောင်း သတင်းရရှိသည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူးကို အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yu Bo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့တွင် Horizon Lake View Resort ၌ အလုပ်သဘော နေ့လယ်စာ (Working Lunch)ဖြင့် တည်ခင်းဧည့်ခံ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ ဧည့်ခံတွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ရုံသာမက အဓိကကုန်သွယ်ဖက် နိုင်ငံများလည်းဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှုကို အလေးထားပြီး ကုန်စည်များ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

နေ့လယ်စာ စားပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. Chen Hai၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နေ့လယ်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# ရေဝတီတိုင်းဒေသကြီးအဆင့် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပပြုလုပ်



ရေဝတီတိုင်းဒေသကြီးအဆင့် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီးအဆင့် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား၊တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားအသီးသီး ပြောကြားခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပေးပို့သော ချင်းအမျိုးသားနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ချင်းအမျိုးသားနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့်ယဉ်ကျေးမှု အသင်းအတွင်းရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ထားဝယ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများက နယ်မြေခံတပ်နယ်အောင်ဆန်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့ပြင် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦး ထားဝယ်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၁-၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ဝ၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ထပ်မံအသိပေးလိုသည့်အချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

ကျွန်တော့်အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံသူ၊ နိုင်ငံသားများ မိဘပြည်သူများကို သိသင့်သိထိုက်တာတွေ၊ အသိပေးရမှာတွေကို စဉ်ဆက်မပြတ် တင်ပြအသိပေးလျက်ရှိပါတယ်။ ဒီနေ့မှာလည်းထပ်မံအသိပေးတင်ပြလိုတာတွေကို တင်ပြသွားပါမယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနေနဲ့ ပြည်သူလူထုသိရှိအောင် ဖေဖော်ဝါရီ ၁၃ ရက် နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ တစ်ကြိမ်၊ ဖေဖော်ဝါရီ ၁၇ ရက် YMBA နဲ့ တွေ့ဆုံတဲ့အချိန်မှာတစ်ကြိမ်၊ ဖေဖော်ဝါရီ ၁၄ ရက်မှာတော့ ပြည်ပနိုင်ငံတွေမှာတာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံရဲ့ သံအမတ်ကြီးတွေ၊ သံရုံးယာယီတာဝန်ခံတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အရန်တပ်ဖွဲ့ ဥပဒေနဲ့ ပတ်သက်ပြီးတစ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဒီပြောကြားချက်တွေကို ကျွန်တော် ထပ်မံအသိပေးလိုပါတယ်။ ဒီပြည်သူ့စစ်မှုထမ်း ဥပဒေဟာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးအထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ဖို့ ယခင်ကတည်းကတိုင် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တဲ့အကြောင်း၊ အဲဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ တွက်ချက်ချင့်ချိန်ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်ရန်ဆိုတဲ့အကြောင်းနဲ့ သတ်မှတ်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့အင်အားသာတာဝန်ထမ်းဆောင်ရန်ဖြစ်ပြီးရှဉ်လည်းလျှောက်သာပျားလည်းဆွဲသာ အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပထမဦးဆုံးပြောကြားခဲ့ပါတယ်။ဒါလေးကိုကျွန်တော်တို့ မိဘပြည်သူများသိအောင် ထပ်မံတင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဖေဖော်ဝါရီ ၁၇ ရက် YMBA နဲ့တွေ့ဆုံချိန်အခါမှာလည်း သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်စေရန်ဖြစ်ပြီး နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်းထုတ်ပြန်ထားတဲ့ ဥပဒေကိုလေ့လာခြင်းမရှိဘဲနဲ့ အခြေအမြစ်မရှိတဲ့ သတင်းမှားတွေ ထင်မြင်သုံးသပ်ချက်တွေပေါ် အခြေခံပြီး သွေးထိုးလှုံ့ဆော်နေတာတွေရှိလို့ မိဘပြည်သူများသတိပြုကြရန်လိုကြောင်းပြောကြားခဲ့ပါတယ်။ ဒ့ါပြင် သံအမတ်ကြီးတွေနဲ့ တွေ့ဆုံတဲ့ အခါမှာလည်း အရန်တပ်ဖွဲ့ ဥပဒေနဲ့ပတ်သက်ပြီး အရန်တပ်ဖွဲ့ဥပဒေကို



စစ်မှုထမ်းအဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမယ်လို့ဆိုလိုတာ မဟုတ်ဘဲနဲ့၊ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်တာဝန်ပေးအပ်သွားမှာ ဖြစ်တယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူလူထုအားလုံးသိရှိအောင် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒ့ါပြင်နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ မကြာခဏပြောကြားခဲ့တာတွေရှိပါတယ်။ နိုင်ငံတစ်ခုတည်ဆောက်ဖို့၊ နိုင်ငံတစ်ခုတည်မြဲဖို့အတွက် နိုင်ငံရေးစွမ်းအား (POLITICAL MIGHT)၊ စီးပွားရေးစွမ်းအား (ECONOMIC MIGHT) နဲ့ ကာကွယ်ရေးစွမ်းအား (MILITARY MIGHT) ကောင်းဖို့ လိုအပ်တယ်ဆိုပြီးပြောကြားခဲ့ပါတယ်။ ဒီအထဲမှာ စီးပွားရေးစွမ်းအားကအဓိကပဲ။ ဒါမှကျန်တဲ့စွမ်းအားတွေကို မြှင့်တင်နိုင်တယ်ဆိုတာလည်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒီစီးပွားရေးနဲ့ ပတ်သက်ပြီးတော့ သီအိုရီတွေ အယူအဆတွေ မျိုးစုံရှိပေမယ့် ရှုပ်ရှုပ်ထွေးထွေးမပြောလိုပါဘူး။ တစ်ခုပဲပြောလိုပါတယ်။ စီးပွားရေးအင်အားတောင့်တင်းဖို့ဆိုရင် ရိုးရိုးရှင်းရှင်းလေး ကျမ်းရိုးဘောဂဗေဒမှာ ပြောထားတဲ့အတိုင်း ကုန်ထုတ်စွမ်းအားစုတွေတောင့်တင်းဖို့လိုတယ်။ ကုန်ထုတ်ဆက်ဆံရေးစနစ်တကျ ခိုင်မြဲဖို့လိုပါမယ်။ ကုန်ထုတ်စွမ်းအားစုဆိုတဲ့ နေရာမှာဆန်းသစ်တဲ့ အယူအဆတွေ မျိုးစုံပေါ်လာမှုနဲ့ ယခင်ကျမ်းရိုးဘောဂဗေဒအတိုင်း ဆိုရင်တော့ LAND LABOUR CAPITAL ပါပဲ။ ကုန်ထုတ်စွမ်းအားစုနဲ့ မြေယာလုပ်အားအရင်းအနှီးပါပဲ။ အစိုးရတစ်ရပ်အနေနဲ့ ဒါတွေကို အလေးအနက်ထားပါတယ်။ လုပ်အား ဆိုတဲ့နေရာမှာ လူသားအရင်းအနှီး (HUMAN CAPITAL )သည် အလေးထားရမှာဖြစ်ပါတယ်။ ဒီထဲမှာ LABOUR လုပ်အားဆိုတာပါ ပါတယ်။ ဒါတွေကို ကျွန်တော်တို့က အစိုးရတစ်ရပ်အနေနဲ့ အမြဲတမ်းအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ခုနကပြောတဲ့ နိုင်ငံရေးစွမ်းအားတွေ၊ စီးပွားရေးစွမ်းအားတွေ၊ ကာကွယ်ရေးစွမ်းအားတွေ ဒီနိုင်ငံတော်အတွက် လိုအပ်တဲ့စွမ်းအားစုတွေကို တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့အစိုးရအနေနဲ့ ဘက်ညီမျှတစွာ ကျင့်သုံးသွားမှာပဲဖြစ်ပါတယ်။ ဒါတွေကို ပြည်ဖျက်မီဒီယာတွေ၊တချို့သော EAOS တွေက ကောလာဟလ ထုတ်လွှင့်ပြီး ပြည်သူလူထုစီးပွားဘဝ မငြိမ်မသက်ဖြစ်အောင်၊ ပြည်သူလူထုစိုးရိမ်ထိတ်လန့်မှုတွေဖြစ်အောင် လုပ်ဆောင်နေတာမျိုးတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ ကျွန်တော် ယခင်ကလည်း အင်အားနဲ့တကွ တွက်ချက်တင်ပြပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နိုင်ဖို့အတွက် ထမ်းဆောင်နိုင်တဲ့၊ အကျုံးဝင်နိုင်တဲ့ အင်အား ၁၃ သန်းရှိပါတယ်။ ဒီအထဲမှာ အမျိုးသားအင်အားက ခြောက်သန်းကျော်ရှိပါတယ်။ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စေရာမှာ ဒီအမျိုးသားဦးရေခြောက်သန်းထဲကမှ တစ်ရာခိုင်နှုန်းခြောက်သောင်းနီးပါးလောက်ပဲ ကျွန်တော်တို့ ခေါ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါတွေကလည်း အလှည့်ကျ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျ အကျုံးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက်ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ရှင်းလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလော ခေါ်ယူဖို့ အစီအစဉ် မရှိသေးကြောင်း ရှင်းလင်းစွာပြောကြားလိုပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဧရာဝတီတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြန်အောင်မြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု ၇၃ ခုမှ ပြည်သူ ၅၉၃ ဦး၊ ပန်းတနော်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၆ ခုမှ ပြည်သူ ၅၉၂ ဦး စုစုပေါင်း ၁၁၈၅ ဦးတက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာကြသည်။

တိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။ စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့်ရွေးကောက်ပွဲများအတွက်ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်းပေးခဲ့ကြသည်။ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**




**ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရွှေဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်**

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေတွင် ရွှေဟောင်းရေကန် ၄၆ ကန်ကို ပြန်လည်တူးဖော်ထိန်းသိမ်းလျက်ရှိရာ ရဟန်းရှင်လူ ပြည်သူများအနေဖြင့် တတ်စွမ်းသမျှ လှူဒါန်းလိုသည်ဖြစ်စေ၊ ရေကန်တစ်ကန်ချင်း လှူဒါန်းလိုသည်ဖြစ်စေ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး၊ ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ၊ ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ရန်ကုန်ဌာနခွဲ) ဖုန်း- ၀၉-၅၀၆၁၈၁၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရွှေဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ နှင့် KBZ Bank NYAUNG OO BRANCH ACCOUNT No. 06713906701442701 တို့သို့ ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ဝမ်ညွှင်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကြိုဂံဒေသ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များဆောင်ရွက် ပေးနေမှုကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ဝမ်ညွှင်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၃၂ ပါးနှင့် ဒေသခံ ပြည်သူဦးရေ ၁၂၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းမှူးက ဝမ်ညွှင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂသေနထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ်သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ဒိုက်ဦးမှ ဘားအံသို့ ခိုင်ဇော်ထွန်းမောင်းနှင်ပြီး နိုင်ဇော်နှင့် နန္ဒထွန်းတို့လိုက်ပါလာသည့် HYUNDAI MINI BUS မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် သုံးဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၄ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ ဇော်မျိုးနိုင်(ခ) ဒညင်းအား ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာရှိ ၎င်း၏နေအိမ်တွင် HYUNDAI GRACE မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# မန္တလေးတိုင်းဒေသကြီး ခရိုင်၊ မြို့နယ်များအတွင်းရှိ လုပ်သားပြည်သူများသို့ အသိပေးကြေညာခြင်း

လူမှုကွန်ရက်စာမျက်နှာများတွင် ပေါ်တာဆွဲနေကြောင်း၊ ညဘက်တွင် လူငယ်များကို ဖမ်းဆီးနေကြောင်း အကြမ်းဖက်အားပေးမီဒီယာများနှင့် အကြမ်းဖက်ထောက်ခံသူများက ပြည်သူများစိုးရိမ်အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံ၍ ကောလာဟလသတင်းများ ရေးသားနေကြကြောင်းသိရှိရပါသည်။

မန္တလေးမြို့အပါအဝင် မည်သည့်နေရာတွင်မျှ ပေါ်တာဆွဲဖမ်းဆီးခြင်းမရှိကြောင်းနှင့် မြို့နယ်များအတွင်း မည်သည့်အချိန်မဆို လွတ်လပ်စွာ သွားလာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ"**အပါယ်မကြောက်၊ ငရဲမကြောက် သတ်ဖြတ်နေကြသူများ**"ခေါင်းစဉ်ဖြင့် ၂၁-၂-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "**တစ်နေ့တာမျိုးမရိုးရတဲ့ ကောလာဟလများ**" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဆီဆိုင်မြို့မှ စစ်ဘေးရှောင်ပြည်သူများ၏ ကားတန်းကို တပ်မတော်က လက်နက်ကြီးပစ်ခတ်ခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူခုနစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့တွင် ယနေ့နံနက်ပိုင်းက စစ်ဘေးရှောင်ပြည်သူများ၏ ကားတန်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများကြောင့် ပြည်သူခုနစ်ဦး သေဆုံးခဲ့ကြောင်းကို ဆီဆိုင်မြို့တွင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် PNLA သတင်းရင်းမြစ်မှပြောဆိုသည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လက်နက်ကြီးပစ်ခတ်ခြင်းနှင့် ဒရုန်းအသုံးပြုတိုက်ခိုက်ခြင်းများ မရှိကြောင်း ဆီဆိုင်မြို့တွင်နေထိုင်သူ ဒေသခံများ၏ ပြောကြားချက်များအရ သိရှိရသည်။

အဆိုပါ ဆီဆိုင်မြို့ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း KNDF ၊ PNLA ၊ PDF အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများနှင့်လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ပြီး ဆီဆိုင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များကို ပေါ်ပေါ်ထင်ထင်လုပ်ဆောင်လျက်ရှိရာ ထိုသို့အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူများက ၎င်းတို့၏လုပ်ရပ်များကို ကန့်ကွက်လျက်ရှိသည့်အတွက် လူမှုကွန်ရက်စာမျက်နှာများတစ်ဆင့် သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေကာ ဒေသခံပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အိန္ဒိယနိုင်ငံ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ကမ္ဘာလှည့်ခရီးသည်လာရောက်မှုများပြားခဲ့



**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

အိန္ဒိယနိုင်ငံ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း ဆိုးရွားသည့် သဘာဝဘေးအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရသော်လည်း ရှေးဟောင်းဘုရားကျောင်းများစွာရှိသောကြောင့် လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်မှာ ၂၀၂၂ ခုနှစ်က လာရောက်သည့် ပမာဏထက် များပြားခဲ့ကြောင်း ဟိမာချယ်ပရာဒက်ရှ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ဖေဖော်ဝါရီ ၁၉ ရက်သတင်းများအရ သိရသည်။

၂၀၂၂ ခုနှစ် မှတ်တမ်းများအရ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၅၁ ကုဋေခန့်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၆ ကုဋေကျော်ထိ လာရောက်လည်ပတ်ခဲ့ကြောင်း၊ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု၊ မြေပြိုကျမှုများဖြစ်ပေါ်ချိန်တွင် လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်များ ရပ်ဆိုင်းသွားခဲ့သော်လည်း သဘာဝဘေးအန္တရာယ် ပြန်လည်တည်ငြိမ်သွားချိန်တွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု ပြန်လည်များပြားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လမှသြဂုတ်လထိ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများကြောင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှု ရပ်ဆိုင်းခဲ့သည့်အတွက် ရူပီး ၉၉၀၅ ဒသမ ၇၇ ကုဋေထိ ဆုံးရှုံးနစ်နာခဲ့ရသကဲ့သို့ ရေဘေးအန္တရာယ်နှင့် မြေပြိုကျမှုများကြောင့် သေဆုံးသူဦးရေ ၂၀၀ ထက်မနည်းရှိခဲ့ပြီး လူဦးရေအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

မှတ်တမ်းများအရ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့သောကာလအတွင်း ကမ္ဘာလှည့်ခရီးသည်ဦးရေ ၇၅၀၀၀ ကိုလည်း အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဟိမာချယ်ပရာဒက်ရှ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အာဖဂန်နစ္စတန်နိုင်ငံတွင် မြေပြိုကျမှုကြောင့် လူ ၂၅ ဦးသေဆုံးပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၂၀**

အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်ရှိ နာခရီကျေးရွာတွင် ဖေဖော်ဝါရီ ၁၉ ရက်က ဆီးနှင်းထုထပ်စွာကျဆင်းပြီး မြေပြိုကျမှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး သေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

နူရီစတန်ပြည်နယ်ရှိ နာခရီကျေးရွာတွင် ဖေဖော်ဝါရီ ၁၉ ရက်က ဆီးနှင်းများ ထုထပ်စွာကျဆင်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး နေအိမ် အလုံး ၂၀ ခန့် ပျက်စီးခဲ့ပြီး လူ ၂၅ ဦးသေဆုံးခဲ့ကာ ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူများလည်းရှိပြီး သေဆုံးသူဦးရေ တိုးလာနိုင်သေးကြောင်း အာဖဂန်နစ္စတန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျန်နန်ဆေယက်က ပြောကြားသည်။



တာဝန်ရှိသူများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာသော်လည်း ဆီးနှင်းများ ထုထပ်စွာကျဆင်းနေသဖြင့် မြေပြင်သို့ဆင်းသက်နိုင်ခြင်းမရှိခဲ့ဘဲ လုပ်ငန်းများကိုအဟန့်အတားဖြစ်စေလျက်ရှိကြောင်း၊ အပျက်အစီးများကိုဖယ်ရှားရန် ခေတ်မီစက်ယန္တရားများနှင့် အထောက်အကူပစ္စည်းများ အသုံးမပြုနိုင်ခြင်းကြောင့် လက်သုံးကိရိယာများကိုသာ အသုံးပြုဆောင်ရွက်နေရသဖြင့် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၀**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ဘက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရေကြီးရေလျှံမှုဖြစ်ပွားနေသော ဧရိယာများတွင် ဆန်ဒီယေဂိုမြို့လည်း ပါဝင်နေပြီး ရေကြီးရေလျှံမှုကြောင့် မြေပြိုကျမှုများလည်း ဖြစ်ပေါ်နေကြောင်း၊ လော့အိန်ဂျလိစ်မြို့တွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့်အတွက် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ဆန်တာမိုနီကာတောင်အနီးတစ်ဝိုက်တွင် ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ်နေပြီး မြေပြိုကျမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေဆဲဖြစ်သည့်အတွက်ကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်းလည်း မိုးလေဝသခန့်မှန်းတိုင်းတာရေးအဖွဲ့အစည်းဖြစ်သည့် Accu Weather က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"ကယ်လီဖိုးနီးယားပြည်နယ်တောင်ဘက်ပိုင်း ကောင်တီတွေမှာ မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ မိုးရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှုတွေ ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုတွေ စတင်ဖြစ်ပွားနေပါတယ်။ မိုးသည်းထန်စွာရွာသွန်းနေဆဲ ဖြစ်တဲ့အတွက် ရေဘေးအန္တရာယ် ပိုမိုဆိုးရွားလာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ဒေသတွေမှာ ဆန်ဒီယေဂိုမြို့လဲ ပါဝင်နေပြီး ဆန်တာမိုနီကာတောင် အနီးတစ်ဝိုက်ဧရိယာတွေမှာ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုဟာ လာမဲ့ရက်ပိုင်းအတွင်း လော့အိန်ဂျလိစ်မြို့မှာလဲ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Accu Weather အဖွဲ့အစည်းမှ မိုးလေဝသပညာရှင်တစ်ဦးဖြစ်သူ ဂျိုးဆပ်ဘောင်ရာက ပြောကြားသွားခဲ့သည်။

မိုးရေချိန်မှာ ငါးလက်မထိမြင့်တက်နေပြီး လေတိုက်နှုန်းလည်း မြင့်တက်လျက်ရှိရာ လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၆၀ နှုန်းဖြင့် တိုက်ခတ်နေသည့်အတွက် မိုးသက်လေပြင်းအသွင် ဆောင်နေကြောင်း၊ ဆန်တာဘာဘရာကောင်တီနှင့် ဗင်တူရာကောင်တီတို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်နေသည့်အတွက်ကြောင့် လာမည့် ၄၈ နာရီအတွင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်းလည်း Accu Weather အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် မိုးကြိုးပစ်မှုကြောင့် လူလေးဦး ဒဏ်ရာရရှိ

**ကင်ဘာရာ ဖေဖော်ဝါရီ ၂၀**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီမြို့တွင် ဖေဖော်ဝါရီ ၁၉ ရက်က မိုးသက်လေပြင်း ကျရောက်ကာ မိုးကြိုးပစ်မှုကြောင့် လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နယူးဆောက်ဝေးပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

မိုးကြိုးကြောင့် ထိခိုက်ဒဏ်ရာရရှိသူလေးဦးအနက် နှစ်ဦးမှာ အမျိုးသားဖြစ်ပြီး ကျန်နှစ်ဦးမှာ အမျိုးသမီးများဖြစ်ကာ အသက် ၃၀ ကျော်အရွယ်ရှိသူများဖြစ်ကြောင်း၊ အဆိုပါ ဒဏ်ရာရရှိသူ လေးဦးမှာ တော်ဝင်ရုက္ခဗေဒဥယျာဉ်ရှိ သစ်ပင်ကြီးအောက်တွင် ထိုင်နေစဉ် မိုးကြိုးပစ်ရာမှ သစ်ကိုင်းကျိုးကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းလည်းဖြစ်ကြောင်း၊ မိုးကြိုးလည်း ထိခဲ့သည့်အတွက် မီးလောင်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ပြီး အထိတ်တလန့်ဖြစ်ခဲ့သောကြောင့် နှလုံးရောဂါဆိုင်ရာဝေဒနာလည်း ခံစားခဲ့ရပြီး ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ပြီးနောက် အခြေအနေပြန်လည်တည်ငြိမ်သွားပြီဖြစ်ကြောင်း နယူးဆောက်ဝေးပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မိုးသက်လေပြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများလည်း ဖြစ်ပေါ်နေပြီး မိုးကြိုးပစ်သည့်အကြိမ်ရေ များပြားခဲ့သည့်အတွက် ဒေသခံများမှာလည်း အထိတ်တလန့်ဖြစ်ခဲ့ရကြောင်း၊ အာဏာပိုင်အဖွဲ့အစည်းကလည်း ဒေသခံများကို နေအိမ်အတွင်း၌သာ နေထိုင်သွားရန် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မိုးကြိုးမုန်တိုင်းအသွင်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဆစ်ဒနီမြို့တွင် လူနေအိမ်ခြေနှင့် စီးပွားရေးအဆောက်အအုံ ၁၀၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ဆစ်ဒနီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးစဉ်များကိုလည်း ယာယီဆိုင်းငံ့ခဲ့ရပြီး သတ်မှတ်ချိန်အတိုင်း ပြေးဆွဲသွားလာနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ကမ္ဘောဒီးယားနိုင်ငံ ပြည်နယ်တချို့တွင် စပါး အလွန်အကျွံစိုက်ပျိုးမှုကြောင့် ရေပြတ်လပ်မှုဖြစ်ပေါ်

**ဖနွမ်းပင် ဖေဖော်ဝါရီ ၂၀**

ကမ္ဘောဒီးယားနိုင်ငံ၏ ရေရှားပါးသော ပြည်နယ်ရှစ်ခုတွင် စပါးစိုက်ပျိုးခြင်းကို ဟက်တာ ၇၀၀ မှ ၈၀၀ ထိ စိုက်ပျိုးရန်သာ ခွင့်ပြုထားသော်လည်း လယ်သမားများအနေဖြင့် ဟက်တာ ၂၀၀၀ ကျော်ထိ အလွန်အကျွံစိုက်ပျိုးခဲ့ကြသဖြင့် အချို့ဒေသများတွင် ရေပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရကြောင်း ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၉ ရက် သတင်းများအရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ရေရှားပါးသောပြည်နယ်ရှစ်ခုတွင် လယ်သမားများက စပါးဈေးကောင်းရရှိသဖြင့် လယ်ယာမြေများ၌ စပါးအမြောက်အမြား စိုက်ပျိုးမှုကြောင့် ရေရှားပါးသည့်အခြေအနေဖြင့် ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက ရေရရှိရေးလုပ်ငန်းများကိုလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"စပါးဈေးတွေတက်လာတာနဲ့ အမျှ လယ်သမားတော်တော်များများက ခြောက်သွေ့တဲ့ရာသီမှာ လယ်တွေအတွက် လိုအပ်တဲ့ရေပမာဏကို ထည့်မတွက်ဘဲ စပါးရရှိရေးကိုသာ အလေးထားခဲ့လို့ ဒီလိုအခြေအနေကိုကြုံတွေ့ခဲ့ရတာပါ" ဟု ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Nhanh Cheab Heng က ပြောကြားခဲ့သည်။


အဆိုပါ ပြည်နယ်ရှစ်ခုအတွင်း ရေလိုအပ်ချက် ဖြစ်ပေါ်လျက်ရှိသော စပါးနှင့် အခြားကောက်ပဲသီးနှံဟက်တာ ၁၀၀၀ ကျော်အတွက် လိုအပ်သောရေရရှိရေး ရေအရင်းအမြစ်နှင့်မိုးလေဝသဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်း၍ ရေစုပ်စက်များပံ့ပိုးခြင်း၊ တူးမြောင်းများဖောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေရှားပါးမှုကြောင့် ပြည်သူများအတွက် စပါးအထွက်နှုန်းကို ထိန်းညှိပေးနိုင်ရန် ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများအပြင် ဒေသဆိုင်ရာအာဏာပိုင်များထံသို့လည်း စည်းမျဉ်းများကိုထုတ်ပြန်၍ လယ်သမားများအတွက် ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : AZH**

0 w Kv H @



# တို့လှည့်ကျေးဇူး

ညွန့်ဝင်း(နတ်တလင်း)

(၁)

ဆရာကို သိဿာန် ဟိတံ အာစရတိတိ အာစရိယော- တပည့်တို့၏ အကျိုးစီးပွားကို ပြုကျင့်တတ်သူကို ဆရာဟုခေါ်သည်ဟု ဆရာမ ဒေါ်အေးမြတ်မော် နားလည်ထားသလို လက်လည်းခံသည်။ သူ ဆရာမတစ်ယောက်ဖြစ်လာရန် ဆရာ၊ ဆရာမများ၏ ကျေးဇူးများရှိခဲ့သည်မဟုတ်လား။ ဆရာမ ဒေါ်အေးမြတ်မော် ပြန်စဉ်းစားကြည့်ရင်း အတိတ်သည်အနီးဆုံးသို့ပြန်ရောက်လာသည်။

အေးမြတ်မော် ရွာကျောင်းမှာ ချို့ချို့တဲ့တဲ့နှင့် ကျောင်းတက်ရသည်။ ဖခင်က ရုံးဝန်ထမ်း၊ မိခင်က အိမ်ဆိုင်လေးဖွင့်၍ ရောင်းသူ။ မိသားစု စားဝတ်နေရေးအတွက် ဖခင်၏ ရုံးဝန်ထမ်းလစာနှင့် မလောက်င။ ထို့ကြောင့် မိခင်က အိမ်ဆိုင်လေးဖွင့်ကာ မုန့်ပဲသရေစာလေးများရောင်းသည်။ အလွန်ရောင်းကောင်းလှသည်မဟုတ်သော်လည်း မီးဖိုချောင်စရိတ်ကို တစ်ဖက်တစ်လမ်းက အထောက်အပံ့ရသည်။ စာတော်သော အေးမြတ်မော်ကို ဆရာမက ခဏခဏ ချီးကျူးသည်။ ဘွဲ့တစ်ခုရသည်ထိ ကြိုးစားရန် တိုက်တွန်းသည်။ သို့သော် အေးမြတ်မော် ဘဝကံဆိုးသည်ဟုပဲ ပြောရမည် ထင်သည်။ အေးမြတ်မော် ခုနစ်တန်းနှစ်မှာ အဖေဖြစ်သူ ဆုံးသည်။ မိသားစု စားဝတ်နေရေးနှင့် သမီးပညာရေးတို့သည် အမေ့အပေါ် ပုံကျလာခဲ့သည်။ မုန့်ဆိုင်လေးကရသည့် အမြတ်အစွန်းက စားရေးပင် အနိုင်နိုင်။ အေးမြတ်မော်မှာ အဝတ်အစား မလုံလောက်။ စာအုပ်စာတမ်း အပြည့်အစုံ မဝယ်နိုင်။ သမီးကို ပညာတတ်ဖြစ်စေချင်သော အမေက တတ်စွမ်းသလောက် ကြိုးစားငွေရှာသည်။ အဆင်မပြေမှုများကြားတွင် အမေ သက်ပြင်းခဏခဏချနေသည်ကို အေးမြတ်မော် ရိပ်မိသည်။ အမေက-

"သမီး ကျောင်းသွားလေ၊ မျက်နှာလဲ သိပ်မကောင်းပါလား။ နေမကောင်းဘူးလားကွယ်" ဟု အိပ်ရာထပြီး ကျောင်းသွားရန် ငေးငိုင်နေသော အေးမြတ်မော်ကို မေးသည်။

အေးမြတ်မော် အမေ့ကို ဘာမှပြန်မပြောချင်။ အမေ ပိုပြီး စိတ်ဆင်းရဲမှာစိုးသည်။ အများနည်းတူ စာအုပ်စာတမ်းပြည့်စုံအောင် မဝယ်နိုင်၊ မုန့်မစားနိုင်၊ ကျောင်းဝတ်စုံပင် တင့်တင့်တယ်တယ် မဝတ်နိုင်သည့် ဘဝမို့ အားငယ်စိတ်ဝင်မိသည်။ ကျောင်းပျက်ရက်များလာတော့ စာသိပ်မလိုက်နိုင်ပြန်။ တစ်ခါတလေ တော့လည်း ကျောင်းထွက်ပြီး အမေနှင့် ဈေးအတူရောင်းရလျှင်ကောင်းမလားပင် တွေးမိသည်။

"ဟဲ့ သမီး အမေ မေးနေတယ်လေ။ မတုန်မလှုပ်နဲ့ ဘာဖြစ်နေတာလဲကွယ်"

အမေက မေးနေသော်လည်း တာဝန်ကျေလွန်းသည့် အမေကို စိတ်မဆင်းရဲစေချင်။

"သမီး သိပ်နေမကောင်းချင်သလို ဖြစ်နေလို့ ကျောင်းမတက်သေးဘူး အမေ"ဟု အေးမြတ်မော် မလိမ်ချင်သော်လည်း လိမ်လိုက်ရသည်။ အမေကတော့-

"ဒါဆိုလဲ သမီးရယ် လမ်းထိပ်ဆေးခန်းမှာ အမေ လိုက်ပြပေးမယ်။ နေမကောင်းတာ ဒီအတိုင်းနေရင် ကျောင်းပျက်များပြီး စာတွေနောက်ကျနေမှာပေါ့ကွယ်"ဟု ပြောသော်လည်း အမေ့ကို အေးမြတ်မော် ဘာမှပြန်မပြောဖြစ်တော့။ ခေါင်းခါ၍သာပြလိုက်ပြီး အိပ်ရာထဲ ခဏလှဲနေလိုက်သည်။

(၂)

"အေးမြတ်မော် ရှိလားကွယ်"

အိမ်ရှေ့ဘက်က ကြားဖူးသလိုရှိသောအသံကြားမိ၍ အေးမြတ်မော် အိမ်ထဲက အသာထွက်လာသည်။ အိမ်ဝတွင်အသံပိုင်ရှင်ကို တွေ့ရပါပြီ။

"ဟယ် ဆရာမ။ သမီးဆီလာတယ်"

"အေးကွဲ့။ သမီးကျောင်းမတက်တာ လေးရက်ရှိနေလို့ နေမကောင်းလို့များလားဆိုပြီး ဆရာမ စုံစမ်းပြီးလိုက်လာရတာ"

ဆရာမ ဒေါ်ကြင်ဌေးသည် အေးမြတ်မော်ထံသို့ တပည့်ကို တွေ့ချင်ဇောနှင့်လိုက်လာရ၍ ဖြစ်မည် မျက်နှာတွင် ချွေးများပင် စို့နေသည်။ အေးမြတ်မော်က ဆရာမကို ကြည့်ပြီး အလွန်အားနာသွားသည်။

"သမီးနေကောင်းပါတယ် ဆရာမ။ ဟို ဟိုလေ"

"ဘာအခက်အခဲဖြစ်နေလို့လဲ သမီး။ ဆရာမကို ပြောပြလေ။ ဆရာမ ကူညီဖြေရှင်းပေးမယ်"

ဆရာမက လိမ်ပြောတာမကြိုက်မှန်းသိထား၍ နေမကောင်းလို့ပါဟုတော့ အေးမြတ်မော် မလိမ်ချင်မညာချင်တော့ပါ။ သို့သော်လည်း အဖြစ်မှန်ကို ပြောရခက်နေသည်။ မိမိတို့အိမ်တွင်းရေးကိစ္စဖြစ်၍ ဆရာမကို ပြောသင့် မပြောသင့် စဉ်းစားရသည်။

"ပြော သမီး။ အမေက ကျောင်းမထားနိုင်တော့ဘူးလို့ ပြောလို့လား"

"မ မဟုတ်ပါဘူး ဆရာမ။ သမီးမှာ စာအုပ်"

ဆရာမက အမေ့ကို အထင်အမြင်လွဲမည်စိုးသဖြင့် အေးမြတ်မော်က ငြင်းဆိုရင်း အခက်အခဲ စကားတစ်စွန်းတစ်စ ထွက်သွားသည်။

"စာအုပ်စာတမ်း မပြည့်စုံတာလား။ လိုတဲ့စာအုပ်တွေကော အဝတ်အစားပါ ဆရာမ ဝယ်ပေးမယ်"

ဆရာမက ဤသို့ ပြောလာတော့ အေးမြတ်မော် ဘာမှပြန်မပြောဘဲ ငိုင်နေမိသည်။ ဆရာမက အေးမြတ်မော်၏ အရိပ်အခြည်ကိုသိသည်။

"ဘာမှ စဉ်းစားမနေနဲ့ သမီး။ ဆရာမကို ဘာမှ အားနာစရာမလိုဘူး။ မနက်ဖြန် ကျောင်းဆက်ဆက်တက်တော့။ ဟုတ်ပြီလား"

အမှန်တော့ အေးမြတ်မော်လည်း ကျောင်းတက်ချင်သည်။ ကိုယ့်ဒုက္ခနှင့် ကိုယ်မို့သာ စိတ်လျှော့အားငယ်ချင်သလိုဖြစ်နေမိခြင်းပင်။ ဆရာမ၏ စေတနာကို နားလည်သလို ငြင်းလျှင်လည်း ကြိုက်မည် မဟုတ်မှန်းသိသည်။ ထို့ကြောင့် နောက်ဆုံးမှာ ဆရာမကို နှုတ်နှင့် မဖြေလိုက်သော်လည်း ခေါင်းညိတ်ပြလိုက်ရသည်။

(၃)

ဆယ်စုနှစ်တစ်ခုအတွင်းမှာ လူ့ဘဝအခြေအနေသည် အတော်ပြောင်းလဲလာသည်ဟု ဆိုရမည်။ ချို့ချို့တဲ့တဲ့နှင့် ကျောင်းတက်ခဲ့ရသော အေးမြတ်မော်သည်ပင် ကျောင်းဆရာမတစ်ယောက် ဖြစ်ခဲ့ပြီ။ အမေ တစ်ခု သမီးတစ်ခုဘဝမှာ ဘဝကို ချို့ချို့တဲ့တဲ့တော့ မဖြတ်သန်းရတော့ပါ။ အမေကို ပင်ပင်ပန်းပန်း ဘာမှ မလုပ်စေတော့ဘဲ အေးမြတ်မော်၏ လစာလေးနှင့် လုပ်ကျွေးနိုင်ပြီဖြစ်သည်။ မချမ်းသာစေကာမူ သားအမိနှစ်ယောက် စားနိုင်နေနိုင် ဘဝလေးကို ပိုင်ဆိုင်ခွင့်ရနေပါပြီ။ အေးမြတ်မော် သည်လိုဘဝမျိုးရရန် ငယ်ဆရာမဒေါ်ကြင်ဌေးက ကျေးဇူးများစွာပြုခဲ့သည်။ ကျောင်းနေနှစ် အတော်များများအတွက် အေးမြတ်မော်ကို စာအုပ်၊ ဝတ်စုံ၊ ငွေကြေးပြည့်စုံအောင် ပံ့ပိုးပေးခဲ့သည်။ ဆရာမ ကျေးဇူးများကား ဆပ်၍မကုန်နိုင်။ ယခုအချိန်တွင် ဆရာမဒေါ်ကြင်ဌေး ဘယ်ရောက်နေပြီလဲဆိုတာ အေးမြတ်မော် သိချင်သည်။ အေးမြတ်မော် ဆယ်တန်းအောင်သည့်နှစ် ဆရာမဒေါ်ကြင်ဌေး နယ်ပြောင်းသွားခဲ့သည်ကစ၍ ဆရာမနှင့် ဝေးကွာသွားခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်သည်။

"သမီး ရာထူးတိုး တင်ထားတာ ဘယ်တော့ အဖြေသိရမလဲကွယ်"

အေးမြတ်မော်ကို အမေက မေးသည်။ မိမိရာထူးတိုးလျှင် အမေ့ကိုလည်း တာဝန်ကျရာနေရာ ခေါ်သွားမည်ဟူသော စိတ်ကူးဖြင့် အေးမြတ်မော်ရာထူးတိုးလျှောက်ထားခဲ့သည်။

"သမီးရဲ့ဆရာကြီး၊ ဆရာမကြီးတွေကတော့ သမီးရာထူးတိုးပါနိုင်တယ်လို့ ပြောပါတယ်။ သမီးကလဲ ဒေသမရွေး လျှောက်ထားတာဆိုတော့"

"အေးပါ သမီးရယ်။ မိဘကို လုပ်ကျွေးနေတဲ့ သမီးလေး ရာထူးတိုးပါစေကွယ်"

အမေ့ ဆုပေးသံကို နားခံရင်း အမေ့ကျေးဇူးများကို ဆက်လက်ပေးဆပ်ရန် ခွန်အားများပြည့်နေသလို ဒုတိယမိခင်သဖွယ်ဖြစ်သော ငယ်ဆရာမဒေါ်ကြင်ဌေး ကျေးဇူးများကိုလည်း ဆပ်ခွင့်ကြုံပါရစေဟု ဆုတောင်းနေသည်။

(၄)

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း ရွှေတောင်မြို့နယ် ကျွဲတလင်းအထက်တန်းကျောင်းခွဲကို ဆရာမဒေါ်အေးမြတ်မော် အလယ်တန်းပြရာထူး တိုးရသည်။ ရန်ကုန်မှ ရွှေတောင်သို့ သားအမိ နှစ်ယောက် ကားစီးလာခဲ့ပြီး ရွှေတောင်မြို့နယ်ပညာရေးမှူးရုံးတွင် သတင်းပို့ရသည်။ ပြီးမှ မြို့အနောက်ဘက် ၁၆ မိုင်ကွာသည့် ကျွဲတလင်း အထက်တန်းကျောင်းခွဲကို ခရီးဆက်ရပြန်သည်။

ကျွဲတလင်း အထက်တန်းကျောင်းခွဲမှာ ဆရာ၊ ဆရာမ ပြည့်ပြည့်စုံစုံမရှိသေးပေ။ အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးစကျောင်းဖြစ်၍ ဆရာခွဲတမ်းပြည့်ပြည့်ဝဝမရသေးသောကြောင့် ဆရာတစ်ဦးလျှင် နှစ်ဘာသာ၊ သုံးဘာသာခွဲဝေတာဝန်ယူ၍ သင်ကြားပေးရသည်။ ဆရာမဒေါ်အေးမြတ်မော် ငယ်ငယ်ကတည်းက သူငယ်ချင်းမျိုးစုံ၏ ကျောင်းနေဘဝအတွေ့အကြုံကို သိနားလည်ခဲ့သည်။ သူကိုယ်တိုင်ပင် ဆင်းရဲချို့တဲ့သော ဘဝနှင့်ပညာကို ကြိုးစားသင်ယူခဲ့ရသည်မဟုတ်လား။ထို့ကြောင့် တပည့်များကို မိမိတတ်နိုင်သလောက် ပံ့ပိုးကူညီပေးရန်၊ ကြိုးစားသင်ကြားပေးရန် ဆုံးဖြတ်ထားသည်။

တစ်နေ့ ညနေကျောင်းဆင်းချိန်တွင် ကျောင်းသားတစ်ဦး ငိုနေသည်ကို ဆရာမ ဒေါ်အေးမြတ်မော် တွေ့သည်။ စက်ဘီးလေးကို ကျောင်းပေါက်ဝသို့ အသာတွန်းလျက် အိမ်မပြန်သေးဘဲ သည်ကလေး ဘာကြောင့် ငိုနေပါလိမ့်ဟု စဉ်းစားမိသည်။ အနီးသို့ သေသေချာချာသွားကြည့်တော့မှ ခြောက်တန်းကျောင်းသား မောင်ချမ်းမြေ့ဖြစ်နေသည်။

"သား ဘာဖြစ်လို့ငိုနေတာလဲ။ ဘယ်သူနဲ့ရန်ဖြစ်လို့လဲ။ သားမှာ ဘာအခက်အခဲရှိလို့လဲ။ ဆရာမကို ပြောပြလေ"ဟု မေးတော့ မောင်ချမ်းမြေ့က ဆရာမကို မဝံ့မရဲကြည့်သည်။ ဖြူးရွှင်ဖော်ရွေသော အကြင်နာမျက်နှာရိပ်ကို တွေ့သွားတော့မှ-

"သားရဲ့ကျောင်းစိမ်းပုဆိုးထက်ခြမ်းကွဲသွားလို့" ဟု ပြန်ဖြေသည်။

"အို . . ဘယ်သူ့ကြောင့်လဲ။ ပြစမ်းပါအုံးကွယ်"

ဆရာမက ပြောလည်းပြော ပုဆိုးကွဲကိုလည်း သေချာစွာကြည့်မှ-

"သားဘာသာဆော့ရင်း ကွဲထွက်သွားတာ" ဟု ပြောလာသည်။

မောင်ချမ်းမြေ့၏ ပုဆိုးကလေးမှာ အထက်အောက်အကြောင်းလိုက် အရှည်ကြီးကွဲနေသည်။ ပုဆိုးမှာလည်း ဟောင်းနွမ်းမှေးမှိန်နေသည်။

"သား အိမ်မပြန်ရဲဘူး ဆရာမ။ အိမ်ရောက်ရင် ပုဆိုးပြဲလို့ သားကို အဘွားက ရိုက်အုံးမှာ"

ကလေးက ပြောရင်း ငိုသံပါလာသည်။

"ဒီလောက်ဟောင်းနွမ်းနေတဲ့ ပုဆိုး အခန့်မသင့်လို့ စုတ်ပြဲတာကို အဘွားက ရိုက်မှာတဲ့လား ကလေးရယ်" ဟု ဆရာမဒေါ်အေးမြတ်မော် စိတ်ထဲကပြောရင်း ရင်ထဲမကောင်းတော့။

"ကဲပါ သားရယ်။ ပုဆိုးပြဲတဲ့အတွက်တော့ ငိုမနေနဲ့တော့။ သား ဒီမှာ ခဏစောင့်။ ဆရာမပြီးရင် ပြန်လာခဲ့မယ်"

ဆရာမဒေါ်အေးမြတ်မော်က ပြောပြောဆိုဆို လမ်းထိပ်ဘက် ထွက်သွားပြီး ခဏအကြာတွင် အိတ်တစ်လုံးဆွဲလျက် ပြန်ရောက်လာသည်။

"ရော့ ဒီမှာ ကျောင်းစိမ်းပုဆိုးအသစ်။ ဆရာမ ဝယ်ပေးတာ ယူလိုက် သား"

ကလေးလက်ထဲကို ပုဆိုးအသစ်ကလေး ထည့်ပေးလိုက်တော့ အားရဝမ်းသာယူရှာသည်။ ပြီးတော့ အိတ်ထဲက ပုဆိုးအသစ်ကလေးကို သဘောကျစွာကြည့်နေသည်။

"သား အခုလဲဝတ်လိုက်လေ။ ပုဆိုးအပြဲကို နှမြောမနေနဲ့တော့"

ပုဆိုးလဲအပြီးမှာ မောင်ချမ်းမြေ့က ပြုံးရွှင်စွာ အိမ်ပြန်သွားပါတော့သည်။

စာမျက်နှာ ၂၅သို့ ➤

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကျုံပျော် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၂၃၉၁ဧကကို ၂၀၂၃ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်လျာထားစိုက်ပျိုးခဲ့ရာ ယနေ့တွင် မတ်ပဲ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပဲသီးနှံများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ မတ်ပဲ ၁၀၂၃၉၁ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ ပဲသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို မတ်ပဲမစိုက်မီကတည်းက မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဒေသခံတောင်သူတစ်ဦးလျှင် မတ်ပဲ တစ်ဧကမှ ၁၀ ဧကထိစိုက်ပျိုးကြကြောင်း၊ မတ်ပဲသီးနှံများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှား ရောဂါကင်းရှင်းစေရန် စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းချိန်ထိ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် ကြက်ဟင်းခါးကျွန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်ဟင်းခါးကျွန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက် ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကြက်ဟင်းခါးကျွန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ကြက်ဟင်းခါးကျွန်းကျေးရွာ၌ လမ်း အရှည် ပေ ၄၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ကိုး လက်မ မြေနီကျောက်စရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့် ဝင်ငွေကျပ် ၄ ဒသမ ၄ သိန်း စုစုပေါင်းငွေကျပ် ၁၅၄ ဒသမ ၄ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ခင်မာ**

➤ စာမျက်နှာ ၂၄ မှအဆက်

(၅)

"ဆရာမ ဒေါ်အေးမြတ်မော်နဲ့ တွေ့ချင်လို့ပါရှင်"

စာသင်ခန်းဝတွင် အမေအရွယ်အမျိုးသမီးကြီးတစ်ဦးကို ဆရာမဒေါ်အေးမြတ်မော် တွေ့လိုက်ရသည်။

"ကြွပါရှင့်။ ကျွန်မ ဆရာမအေးမြတ်မော်ပါ။ ဘာကိစ္စအကူအညီလိုပါသလဲရှင့်"

အမျိုးသမီးကြီးက ကုလားထိုင်တစ်လုံးမှာ အသာဝင် ထိုင်ပြီး ဆရာမဒေါ်အေးမြတ်မော်ကို စူးစမ်းသလို ကြည့်ပြီး-

"ကျွန်မက မောင်ချမ်းမြေ့ရဲ့ အဘွားပါ။ မြေးလေး ပြောပြလို့ ဆရာမက ပုဆိုးသစ်ဝယ်ပေးတယ်ဆိုတာ သိရပါတယ်။ ကျေးဇူးတင်ပါတယ် ဆရာမရယ်။ ဆရာ၊ ဆရာမတွေရဲ့ စေတနာကို နားလည်ကိုယ်ချင်းစာပါတယ်ကွယ်"ဟု ပြောလာသည်။

အမျိုးသမီးကြီးမှာ ဘဝပေးအခြေအနေနှင့် ဇရာကြောင့် နွမ်းလျအားငယ်နေပုံရသော်လည်း မိမိနှင့်ရင်းနှီးသလိုမျိုး ခံစားရသည်။ အမျိုးသမီးကြီး၏ စူးစမ်းအဖြေရှာသော အကြည့်နှင့် ဆရာမဒေါ်အေးမြတ်မော်တို့ အကြည့်ဆုံသွားချိန်မှာတော့-

"ဆရာမကို ကျွန်မငယ်ငယ်က သင်ပေးခဲ့ရတဲ့ တပည့်မလေး အေးမြတ်မော်လားလို့ ကြည့်နေတာ" ဟု အမျိုးသမီးကြီးက ဆိုလိုက်ပါလေသည်။

"ကျွန်မအေးမြတ်မော် ဟုတ်ပါတယ်။ အဒေါ်က အဒေါ်က ဆရာမ ဒေါ်ကြင်ဌေးလား"

"ဟုတ်ပါတယ်ကွယ်"

"ဟယ် ဆရာမပဲ။ စိတ်ထဲမှာ ရင်းနှီးသလိုတော့ ခံစားမိနေတာ။ ဆရာမက သမီးတို့ကို စာသင်ပေးတုန်းကနဲ့မတူတော့ ချက်ချင်းမမှတ်မိဘူးဖြစ်သွားတယ်။ ခွင့်လွှတ်ပါ ဆရာမရယ်"

"ရပါတယ်ကွယ်။ ဆရာမလဲ နယ်ပြောင်းတော့ သမီးကြီးတို့မိသားစုနဲ့ နေခဲ့တာ။ သမီးကြီးက သားတစ်ယောက်ရတယ်။ အခု သမီးရဲ့တပည့် မောင်ချမ်းမြေ့ပေါ့။ ဆရာမတို့အဖြစ်က ကံဆိုးခဲ့တယ်။ သမီးကြီး လင်မယားခရီးသွားရင်း ကားမှောက်ပြီးဆုံးခဲ့တယ်။ ဆရာမရဲ့ခင်ပွန်းကလဲ ဆုံးတာ ကြာပြီလေ။ ဒါကြောင့် မောင်ချမ်းမြေ့နဲ့ မြေးအဘွားနှစ်ယောက်ထဲ ဘဝကိုရုန်းကန်ခဲ့ရတာ။ အငြိမ်းစားယူချိန်မှာ ပင်စင်လစာလေးနဲ့ မြေးအဘွားတွေ နေထိုင်စားသောက်ရင်း မြေးလေးကျောင်းစရိတ်ရအောင် တတ်နိုင်တဲ့အလုပ်ကလေးတွေ လုပ်ရတာပေါ့ကွယ်"

ဆရာမဒေါ်ကြင်ဌေး ပြောပြမှ ဆရာမဒေါ်အေးမြတ်မော် အကြောင်းစုံသိရတော့သည်။ ငယ်ဆရာမ၏ဘဝမှာ အကွေ့အကောက်များမှားခဲ့ပြီး အလွန်ပင်ပန်းနွမ်းလျခဲ့တယ်ဆိုတာ ဆရာမ၏ ရုပ်သွင်လက္ခဏာက ဖော်ပြနေသည်။

"ဆရာမရယ်။ ဆရာမ ပြုစုပျိုးထောင်ပေးခဲ့လို့ သမီး ဒီဘဝရခဲ့တာပါ။ ဆရာမ ကျေးဇူးတွေပြန်ဆပ်ခွင့်ရချင်နေတာ။ အခုတော့ သမီးရဲ့ ဆန္ဒပြည့်ပါပြီ"

ဆရာမဒေါ်ကြင်ဌေးမှာ ငယ်တပည့်မကြီး အေးမြတ်မော်နှင့် ပြန်လည်ဆုံစည်းရ၍ ဝမ်းသာနေသည်။ တစ်ဖန် ဘာကြောင့်မှန်းမသိ၊ ဝမ်းနည်းသလို ခံစားရပြီး မျက်ရည်လည်နေသည်။ ဆရာမဒေါ်အေးမြတ်မော်ကလည်း ကျေးဇူးရှင်ငယ်ဆရာမနှင့် တွေ့ဆုံရသဖြင့် ဝမ်းသာပျော်ရွှင်နေသည်။ တစ်ဆက်တည်းမှာပင်-

"မောင်ချမ်းမြေ့ရဲ့ ပညာရေးစရိတ်ကို သမီး တာဝန်ယူပါတယ်။ ဆရာမရဲ့ စားဝတ်နေရေးနဲ့ ကျန်းမာရေးအတွက်လဲ တတ်နိုင်သလောက် တာဝန်ယူပါရစေ ဆရာမရယ်" ဟု ပြောရင်း ရှိခိုးဦးချကန်တော့လိုက်သည်။

တဒင်္ဂအတွင်းမှာပင် ဆရာနှင့် တပည့်တို့၏ ပီတိလှိုင်းကလေးများသည် ပတ်ဝန်းကျင်သို့ပင် ကူးစက်ရိုက်ခတ်လာလေတော့သည်။

## လက်ပံပွင့်ချိန်

- အညာတစ်ခွင်
  လက်ပံပင်
  ဝန်းကျင်အနှံ့ ပျံ့သလေ့။

- လက်ပံပွင့်စီ
  ပင်လုံးနီ
  တူညီပွင့်လန်း ဆန်းသလေ့။

- ဆက်ရက်ငှက်များ
  ဝတ်ဆံစား
  ပင်ဖျားထက်ယံ ညံသလေ့။

- လက်ပံပွင့်ကြွေ
  တလင်းမြေ
  ပင်ခြေပွင့်ချပ် ထပ်သလေ့။

- ပါးပျဉ်းလက်ပံ
  ကြီးထွားသန်
  အမှန်ထောက်ပင့် မြင့်သလေ့။

- လက်ပံပင်အောက်
  လက်ပံကောက်
  တောင်းမှောက် အိတ်လျှို ပြန်သလေ့။

- လက်ပံချဉ်သွင်း
  အညာဟင်း
  လျှာရင်းမြက်ချိန် မြိန်သလေ့။

- လက်ပံပွင့်ခါ
  ရပ်အညာ
  ဆွေလာမယ့်လမ်း မှန်းသလေ့။ ။

**မန်းတင့်မော်**

# ဇေယျာသီရိမြို့နယ် ရွှေဗဟိုရ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဗဟိုရ်ကျေးရွာ၌ ပဉ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူးဦးမျိုးဇော်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၅ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရွှေဗဟိုရ်ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကိုငွေကျပ်သိန်း ၂၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၅၅သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ်သိန်း ၂၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဘုန်းလူး**

# ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ - ၅၀၅ (ခ) ဆိုသည်မှာ

**စိန်လှိုင်ပိုလ်**

ဥပဒေနယ်ပယ်တွင် တရားမဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ဥပဒေ(တစ်နည်းအားဖြင့် ပြစ်မှုဆိုင်ရာဥပဒေ)နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ စသည်ဖြင့် ပြဋ္ဌာန်းထားပါသည်။ ပြည်သူအများ သိရှိလိုက်နာကျင့်သုံးကြရန်ဖြစ်ပါသည်။ အထူးဥပဒေဟူ၍လည်း သီးခြားပြဋ္ဌာန်းထားပါသည်။ ရာဇဝတ်ဥပဒေသည် လူထုနှင့် အနီးကပ်ဆုံး သိသင့်သိထိုက်သော ဥပဒေဖြစ်ရာ ဤဆောင်းပါးတွင် ပုဒ်မ-၅၀၅(ခ) နှင့်စပ်လျဉ်း၍ စီရင်ထုံးလမ်းညွှန်ချက်တစ်ခုကို ကိုးကားကာ ဥပဒေပညာပေးချင်ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

မန္တလေးမြို့မှ အမှုတစ်ခုဖြစ်ပါသည်။ ဟေမာဇလရပ်ကွက် မီးလောင်ပြင်နှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တို့ အစီအမံဖြင့် မြေနေရာများ ပြန်လည်ချထားပေးလျက်ရှိပါသည်။ ဦးသိန်းကြဲနှင့် ဒေါ်မြင့်မြင့်ရီတို့သည် အကွက်အမှတ် (၆၀၉)၊ ဦးပိုင်အမှတ် (၆၀) နှင့်စပ်လျဉ်း၍ အထက်ပါအဖွဲ့အစည်းတို့၏ စီမံခန့်ခွဲမှုများကို မနာခံဘဲ ဆန့်ကျင်လျက် လမ်းပိတ်နေသောအိမ်မှ မဖယ်ရှားဘဲ နေခဲ့ကြသည်။

သို့ဖြစ်၍ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီအချိန်တွင် အကြိမ်ကြိမ်ဆွေးနွေးသော်လည်း ဖယ်ရှားရန်ငြင်းဆန်သည့်အပြင် ၎င်းတို့၏ အိမ်ထဲဝင်ရဲရင်ဝင်လာဟု စိန်ခေါ်ပြီး ပြန်လည်ရန်ပြုမည့်စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိစေခဲ့သည်။ သို့ဖြစ်၍ အင်အားသုံးပြီးဖယ်ရှားရန် ပြင်ဆင်ဆောင်ရွက်ရသည့်အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ဦးသိန်းကြဲ၊ ဒေါ်မြင့်မြင့်ရီနှင့်တကွ ပါဝင်ကျူးလွန်သူတို့အား အရေးယူပေးရန် သက်ဆိုင်ရာမှညွှန်ကြားချက်အရ အမှတ်(၈) ရဲစခန်းမှ ရဲအုပ်စခန်းမှူး ဦးအောင်သိန်းမောင်က တိုင်ချက်ဖွင့်၍ အရေးယူတရားစွဲဆိုခဲ့သည်။

ချမ်းအေးသာစံမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် (၁၄၅/၉၄) တွင် တရားခံ ဦးသိန်းကြဲ၊ ဒေါ်မြင့်မြင့်ရီ၊ ဦးကျော်ဝင်းနှင့် ဦးသိန်းကြည်တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ) အရ စစ်ဆေးပြီးနောက် ဦးသိန်းကြဲနှင့် ဒေါ်မြင့်မြင့်ရီတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ) အရ ထောင်ဒဏ် တစ်နှစ်စီ၊ ဦးကျော်ဝင်းနှင့် ဦးသိန်းကြည်တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ)/၁၁၄ အရ ထောင်ဒဏ်ခြောက်လစီ ကျခံကြစေရန် အမိန့်ချမှတ်ခဲ့သည်။

တရားခံများက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံး(မန္တလေးခရိုင်)သို့ အယူခံဝင်ရောက်ခဲ့ရာ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် (၄၇/၉၄)တွင် တိုင်းတရားရုံးက အမှုကိုကြားနာပြီးနောက် ဦးသိန်းကြဲအပေါ် ချမှတ်ထားသော ထောင်ဒဏ်တစ်နှစ်ကို ဆက်လက်အတည်ပြုခဲ့သည်။ ဒေါ်မြင့်မြင့်ရီအား ချမှတ်ထားသော ထောင်ဒဏ်တစ်နှစ်ကို ထောင်ဒဏ်ခြောက်လသို့လည်းကောင်း၊ ဦးကျော်ဝင်းနှင့် ဦးသိန်းကြည်တို့အား ချမှတ်ထားသော ထောင်ဒဏ်ခြောက်လကို ထောင်ဒဏ်လေးလစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဦးသိန်းကြဲနှင့် ဒေါ်မြင့်မြင့်ရီတို့က တရားရုံးချုပ်သို့ ပြင်ဆင်မှုကို ဆက်လက်တင်သွင်းခဲ့ပါသည်။



**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ)တွင် "မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေ ပြုရာတွင် **နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို "တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူတစ်စုကိုသော်လည်းကောင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း၊ တစ်စုစုဖြစ်စေရန် အကြံရှိလျှင် သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့်အကြောင်းရှိလျှင် ပြစ်မှုမြောက်ကြောင်း"** ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က စိစစ်ခဲ့သည်။

လမ်းပိတ်ဆို့နေသောအိမ်ကို ဖယ်ရှားရန် သက်ဆိုင်ရာအာဏာပိုင်များက အချိန်ပေးခဲ့သည်။ လျှောက်ထားသူများကို တာဝန်ထမ်းဆောင်ရာဌာနအကြီးအကဲများမှတစ်ဆင့် အေးချမ်းစွာဖယ်ရှားပေးရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များက ကြိုးစားခဲ့သည်။ ထိုသို့ အချိန်ပေးခြင်း၊ ညှိနှိုင်းခြင်း၊ ကြိုးစားခြင်းမှာ မလွှဲမသွေအင်အားသုံး၍ ဖယ်ရှားရမည့်အခြေအနေမျိုး မဖြစ်ပေါ်စေရန်အတွက် အာဏာပိုင်များက လိုက်လျောကြိုးပမ်းနေခြင်းဖြစ်သည်။ အကယ်၍ မလွှဲမရှောင်သာ အင်အားသုံးဆောင်ရွက်ရမည်ဆိုလျှင် အများပြည်သူအတွက် အထိတ်တလန့်ဖြစ်နိုင်ပြီး မလိုလားသူများက အေးချမ်းသာယာရေးကို ထိပါးစေသည့်ပြစ်မှုများ ကျူးလွန်လာဖွယ်အခြေအနေများ ပေါ်ပေါက်နိုင်ခြင်းကြောင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များက အချိန်ပေးခြင်း၊ ညှိနှိုင်းခြင်း အေးချမ်းစွာပြီးမြောက်အောင် ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း တရားရုံးချုပ်က ရှုမြင်သုံးသပ်ခဲ့ပါသည်။

အထက်ပါအခြေအနေများကို လျှောက်ထားသူများအသိဖြစ်သည်။ ထိုသို့ သိပါလျက် ဖယ်ရှားရန်ငြင်းဆန်ခြင်းသည် ဖော်ပြပါအခြေအနေများ ပေါ်ပေါက်စေရန် လျှောက်ထားသူတို့တွင် ကြံရွယ်ချက်ရှိကြောင်းမှာ မငြင်းသာကြောင်း၊ လျှောက်ထားသူတို့၏ အကျိုးဆောင်လျှောက်လဲသကဲ့သို့ နှစ်ပေါင်းများစွာ မိဘဘိုးဘွားလက်ထက်က နေထိုင်ခဲ့သောနေအိမ်ကို စွန့်ခွာရန် နှမြောတသပြီး ဖယ်ရှားခြင်းမပြုဘဲ နောက်ဆုံးအချိန်ထိနေရပါသည်။ အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် အကြံမရှိပါဟုဆိုလျှင်လည်း ထိုသို့ အများပြည်သူ အထိတ်တလန့်ဖြစ်စေရန် အကြောင်း ပေါ်ပေါက်နေသည်မှာ မငြင်းသာကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

လျှောက်ထားသူတို့၏ အကျိုးဆောင်က လျှောက်ထားသူများသည် အများပြည်သူထိတ်လန့်စေရန် ဖော်ပြချက်တစ်စုံတစ်ရာ မပြုလုပ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ) နှင့် အကျုံးမဝင်ကြောင်း လျှောက်လဲသည်။ ဖော်ပြချက် (Statement) ဆိုသည်မှာ စာဖြင့်ရေးသားချက်ကိုသာ ကျဉ်းမြောင်းစွာ ကောက်ယူရန်မဟုတ်ဘဲ အခြားနည်းဖြင့် ဖော်ပြချက်မျိုးလည်း ဖြစ်နိုင်ကြောင်း ဤအမှုတွင် လျှောက်ထားသူ (၁) နှင့် (၂) တို့က သက်ဆိုင်ရာအာဏာပိုင်များအပေါ် ပြောဆိုပြုမူချက်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၅၀၅) က ရည်ညွှန်းသော ဖော်ပြချက် (Statement) ကို ပြုလုပ်ရာရောက်ကြောင်း၊ ထို့ကြောင့် ဤအချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူတို့၏ အကျိုးဆောင်တင်ပြချက်ကို လက်ခံရန် မဖြစ်နိုင်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။

ရွှေ့နေချုပ်ရုံးအတွက် ဆောင်ရွက်သည့် ဥပဒေအရာရှိက လျှောက်ထားသူများအား အကြိမ်ကြိမ်ခေါ်ယူဆွေးနွေးခဲ့သော်လည်း မရသဖြင့် သက်ဆိုင်ရာလူကြီးများမှ သွားရောက်ပြောကြားခဲ့ပါကြောင်း၊ ဦးသိန်းကြဲသည် အိမ်ထဲသို့ ဝင်ရဲသူဝင်ကြည့် အသေခံမည်ဟုပြောဆိုကာ တုတ်ကိုင်ထားပါကြောင်း၊ ဒေါ်မြင့်မြင့်ရီအား ဖယ်ရှားရန်ပြောသောအခါ ဖယ်မပေးနိုင်။ အသက်အသေခံမည်ဟုပြောကြောင်း၊ ၎င်းတို့၏အပြုအမူမှာ ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသောပြစ်မှုကို ကျူးလွန်လာအောင်ပြုခြင်းဖြစ်၍ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်ထားခဲ့သည်။

တရားရုံးချုပ်က ခြုံ၍ သုံးသပ်ရလျှင် လျှောက်ထားသူနှစ်ဦးစလုံး၏ ပြုမူပြောဆိုမှုများသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ)နှင့် အကျုံးဝင်နေသဖြင့် ၎င်းပုဒ်မအရ မူလရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်း၊ ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အယူခံရုံးဖြစ်သော တိုင်းတရားရုံးက အထိုက်အလျောက် လျှော့ပေါ့ပေးပြီးဖြစ်၍ တရားရုံးချုပ်အနေဖြင့် ထပ်မံလျှော့ပေါ့သက်ညှာရန်မရှိကြောင်း သုံးသပ်၍ ပြင်ဆင်မှုကို ပလပ်ခဲ့ပါသည်။

ပြည်သူအများအနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၅၀၅(ခ) ပြဋ္ဌာန်းချက်ကို သိရှိနိုင်ကြစေရန်နှင့် ဆန့်ကျင်ချိုးဖောက်ခြင်းမပြုကြပါရန် **ဦးသိန်းကြဲပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၉၅ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၁၅၄(ခ)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

---

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၄၅၇၇ ဧက စိုက်ပျိုးပြီးစီး



**ငပုတော ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၄၅၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲသီးနှံစုံ ၄၅၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲသီးနှံစုံ ၄၅၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးသော ပဲသီးနှံစုံများမှာ မတ်ပဲ ၁၀၃၂ ဧက၊ ပဲတီစိမ်း ၁၂၀၃ ဧက၊ ဗိုလ်ကိတ်ပဲ ၂၃၄၂ ဧက စုစုပေါင်း ၄၅၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးလျက်ရှိပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲသီးနှံစုံ ၄၅၄၇ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ပဲသီးနှံတွေ လျာထားတဲ့ဧကအတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ ပဲသီးနှံတွေ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆောင်းပဲသီးနှံတွေထဲမှာ ဗိုလ်ကိတ်ပဲသီးနှံကို အများဆုံးစိုက်ပျိုးထားပါတယ်။ အခြားသီးနှံတွေကတော့ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်သွေးကောင်းတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသော ဆောင်းသီးနှံများအားလုံး ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်တိုးတက်လာစေရေး၊ ဓာတ်မြေဩဇာများ အကျိုးရှိရှိ စနစ်တကျသုံးစွဲတတ်စေရေး ဓာတုပိုးသတ်ဆေးများကို လျှော့ချသုံးစွဲတတ်စေရေး၊ တောင်သူများကိုယ်တိုင် သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲနိုင်စေရေး စသည့်နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပြင်ထိ ကွင်းဆင်းကာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ပဲသီးနှံတွေထဲမှာ ဗိုလ်ကိတ်ပဲသီးနှံကို အဓိကထားစိုက်ပျိုးထားပါတယ်။ ဒေသနဲ့ ရာသီဥတုမြေအနေအထားနဲ့လဲ ကိုက်ညီပြီး ဈေးကွက်ကောင်းသီးနှံအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးတာဖြစ်ပါတယ်။ ဒေသထွက်ကုန်တွေကို ဒေသဈေးအပြင် အခြားဒေသတွေကိုတင်ပို့ရောင်းချတယ်။ အခုနှစ် ဆောင်းသီးနှံတွေစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဌာနတွေက ကူညီဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု ငပုတောမြို့နယ်မှ တောင်သူ ဒေါ်အညိုက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမိုးစပါး ၆၈၂၉၇ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဖေဖော်ဝါရီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၆၈၂၉၇ ဧက အားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၆၈၂၉၇ ဧကထိ လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မိုးစပါး ၆၈၂၉၇ ဧက အားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးဖြစ်သည့်စပါးများ တစ်ဧကလျှင် ၈၉ ဒသမ ၈၂ တင်းထိထွက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ မိုးစပါး ၆၈၂၉၇ ဧကထိ လျာထားစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးစပါးတွေ ရိတ်သိမ်းနေတာ ဒီနေ့ထိ မိုးစပါး ၆၈၂၉၇ ဧက အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ မိုးစပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး သွင်းအားစုတွေရရှိရေး၊ မိုးစပါးတွေ အထွက်နှုန်းကောင်းစေရေး၊ အရည်သွေးကောင်းစေရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုပြန်လည် ရိတ်သိမ်းတဲ့အခါ စပါးတွေအထွက်နှုန်းကောင်းခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးများကို အောင်တက်ကျေးရွာ၊ လှေကြီးတက်ကျေးရွာ၊ ဝန်ဒေါင့်ကြီးကျေးရွာ၊ ရွှေတောင်ကြီးကုန်းကျေးရွာ၊ ဇီးဖြူကွင်းကျေးရွာ၊ ငှက်ပျောတောကျေးရွာ၊ မဲဇလီကွင်းပေါက်ကျေးရွာ၊ ကွင်းကောက်ကျေးရွာ စသည့် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးခဲ့ကြောင်း ၊ အဆိုပါ စိုက်ပျိုးခဲ့သည့်မိုးစပါးများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ရွှေခရုဖျက်ဆီးမှု မရှိစေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မက်မန်းမြို့နယ် ငှက်ယောင်းကျေးရွာတွင် ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မက်မန်း ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ငှက်ယောင်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မက်မန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်၊ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ငှက်ယောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မက်မန်းမြို့နယ် ငှက်ယောင်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေသားတင်သဲဖြူနှင့်ခင်းခြင်းလုပ်ငန်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် အလျား ၂၂ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Slab Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ ဒသမ ၄၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ငွေဖော်မကုမ္ပဏီနှင့် ဂျမန်းကုမ္ပဏီတို့က ၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းဧက ၂၄၇၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကောလင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းဧက ၂၄၇၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်းဧက ၂၄၈၈၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၄၇၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို နှစ်စဉ် စိုက်ပျိုးမှုတွေရှိကြပါတယ်။ ပန်းနှမ်းနဲ့ ဆီမုန်ညင်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ပန်းနှမ်းနဲ့ ဆီမုန်ညင်း ၂၄၈၈၈ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိ ဧက ၂၄၇၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်တွင် မြို့နယ်အလိုက် ဆီမုန်ညင်းနှင့် ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဆီမုန်ညင်း ၁၅ ဧက၊ ပန်းနှမ်းဧက ၁၅၅၆၀၊ ဝန်းသိုမြို့နယ်တွင် ဆီမုန်ညင်း ၃၃၄ ဧက၊ ပန်းနှမ်း ၁၈၂၈ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ဆီမုန်ညင်းဧက ၃၇၀၊ ပန်းနှမ်း ၆၆၈၃ ဧက စုစုပေါင်းဧက ၂၄၇၉၀ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဆီမုန်ညင်း ၁၅ ဧက၊ ပန်းနှမ်း ၁၅၆၈၃ ဧက၊ ဝန်းသိုမြို့နယ်တွင် ဆီမုန်ညင်းဧက ၃၅၀၊ ပန်းနှမ်း ၁၈၂၈ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ဆီမုန်ညင်း ဧက ၄၄၀၊ ပန်းနှမ်း ၆၅၇၂ ဧက စုစုပေါင်း ၂၄၈၈၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပန်းနှမ်းနှင့် ဆီမုန်ညင်းကို ကသာခရိုင်နှင့် ကောလင်းခရိုင်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။ (၂၀၆)



# ထန်းတပင်မြို့နယ် ပျဉ်းမပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ထန်းတပင် ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွဲသာကျေးရွာအုပ်စု ပျဉ်းမပင်ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသက်မြင့်ထွန်းက ပျဉ်းမပင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်း၊ အတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ပျဉ်းမပင်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၀ ဒသမ ၇၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပျဉ်းမပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၂၁ ဒသမ ၇၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀ ဒသမ ၇၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုလေး**

# ချောက်မြို့နယ် သံဘိုမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ချောက် ဖေဖော်ဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျှော့ချနိုင်ရန်ရည်ရွယ်၍ သံဘိုကျေးရွာအုပ်စု သံဘိုမြောက်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် သံဘိုမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ရန်ပုံငွေထုတ်ချေးထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံဘိုမြောက်ကျေးရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ငွေကျပ်သိန်း ၃၀၀ မတည်ပေးခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နဝမနှစ်စက်ဝန်းအဖြစ် အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်ထံမှ သိရသည်။

**အထွေး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ကိုရီးယားကျွန်းဆွယ်အရေးတွင် ပြဿနာဖန်တီးနေသော အမေရိကန်

မောင်သောင်းဝင်း(တမန်ဟောင်း)




ကမ္ဘာလုံးဆိုင်ရာစစ်ရေးအင်အားတည်ဆောက်မှုတွင် အမေရိကန်၏ရန်လိုသောအနေအထားသည် အာရှ-ပစိဖိတ်ဒေသကို သတိပေးတပ်လှန့်လျက်ရှိသည်။ အမေရိကန်သည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် တောင်ကိုရီးယားနိုင်ငံ(ROK)၌ ပထမဆုံးအကြိမ်အဖြစ် နျူကလီးယားပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားသော ရေငုပ်သင်္ဘောကို တပ်ဖြန့်ချထားခဲ့သည်။ ဒေသတွင်းရှိ အမေရိကန်နှင့် ၎င်း၏မဟာမိတ်များသည် မြောက်ကိုရီးယားနိုင်ငံ(DPRK)နှင့် နျူကလီးယားစစ်ပွဲဖြစ်လာလျှင် မည်သို့မည်ပုံ တုံ့ပြန်သွားရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုလျော့ချရန် နည်းလမ်းရှာဖွေသည်ထက် အာရှ-ပစိဖိတ်ဒေသတွင် စစ်ဝါဒသွတ်သွင်းမှုကို နှစ်ဆတိုးမြှင့်ခဲ့သည်။ အိုဘားမားအစိုးရအဖွဲ့စတင်အကောင်အထည်ဖော်ခဲ့သည့် အမေရိကန်၏ အာရှ-ပစိဖိတ်ဒေသသို့ ဗဟိုပြုချဉ်းကပ်မှုမူဝါဒသည် တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကြောင့် ဒေသတွင်း အာဏာဟန်ချက်အရွေ့အပြောင်း ဖြစ်ပေါ်နေသည့်အချိန်တွင် အရှေ့အာရှဒေသ၌အမေရိကန်၏ ပထဝီနိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုခိုင်မာသေချာစေရန် ကြိုးပမ်းမှုတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏မူဝါဒသည် ဒေသတွင်းတင်းမာမှုကို ပိုမိုဖြစ်ပေါ်လာစေလျက်ရှိသည်။

အမေရိကန်သည် တရုတ်နိုင်ငံထိန်းချုပ်ရေးမူဝါဒကို ဆက်လက်စွဲကိုင်ကျင့်သုံးလျက်ရှိပြီး တရုတ်(တိုင်ပေ)ကို စစ်ရေးဆိုင်ရာအထောက်အပံ့နှင့်တရားဝင်အကူအညီများ ပံ့ပိုးပေးလျက်ရှိသည်။ အမေရိကန်သည် ဩစတြေးလျ၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စစ်ပွဲအခြေအနေတစ်ရပ်ကို တိုးမြှင့်ပြင်ဆင်လျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ကိုရီးယားကျွန်းဆွယ်သည် စစ်ပွဲစတင်ရန်နေရာဖြစ်လာလျက်ရှိသည်။ လက်ရှိအချိန်တွင် အမေရိကန်သည် တင်းမာမှုလျှော့ချသည်ထက် ပိုမိုမြင့်တက်လာစေရန်လုပ်ဆောင်လျက်ရှိသည်။

ယခင် တောင်ကိုရီးယားသမ္မတဟောင်း မွန်ဂျေအင်းသည် မြောက်ကိုရီးယားနှင့်ဆက်ဆံရေးပြေလည်စေရန်ကြိုးပမ်းခဲ့သည်။ ၎င်း၏လက်ထက်တွင် အပြုသဘောဆောင်သော သံခင်းတမန်ခင်းဆိုင်ရာကြိုးပမ်းမှုများသည် ငြိမ်းချမ်းသောအဖြေ ရှာဖွေနိုင်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့၌ ပြုလုပ်ခဲ့သည့် ၂၀၁၈ ခုနှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲပြီးနောက် ကိုရီးယားကျွန်းဆွယ်တွင် ဆက်ဆံရေးတိုးတက်လာခဲ့သည်။

သို့သော် အမေရိကန်ရှိ နိုင်ငံရေးသဘောထားတင်းမာသူများသည် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆွေးနွေးအဖြေရှာမည့် ဒေါ်နယ်ထရန့်၏ကြိုးပမ်းချက်များကို အတားအဆီးဖြစ်စေခဲ့သည်။ ထို့ပြင် ၂၀၂၂ ခုနှစ် မေလတွင် တောင်ကိုရီးယားနိုင်ငံ၌ ယွန်းဆွတ်ယိုး ဦးဆောင်သည့်အစိုးရ အာဏာရရှိလာခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံအပေါ် တင်းမာသောသဘောထားရှိသည့် ဂျိုးဘိုင်ဒင်အစိုးရနှင့်နီးကပ်သော ဆက်ဆံရေးထူထောင်ခဲ့သည်။ ယွန်းဆွတ်ယိုးအစိုးရသည် ၂၀၂၇ ခုနှစ်ထိ အာဏာတည်မြဲနေမည်ဖြစ်သည်။

လက်ရှိ သံခင်းတမန်ခင်းဆက်ဆံရေးသည် ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းသောအဖြေ မရှာဖွေနိုင်သည့်အပြင် တည်ငြိမ်မှုနှင့်လည်း အလှမ်းကွာဝေးနေသည့်တိုင်အောင် အပြုသဘောဆောင်သောမျှော်မှန်းချက်များကို စွဲကိုင်ထားရန်လိုအပ်သည်။ ပြီးပြည့်စုံသောအဖြေတစ်ရပ်သည် နျူကလီးယားပြဿနာအပြင် ငြိမ်းချမ်းရေးစာချုပ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအမံများလည်း ပါဝင်မည်ဖြစ်သည်။ ကိုရီးယားနှစ်နိုင်ငံတည်ရှိသောကျွန်းဆွယ်တစ်ခုအတွက် အပြုသဘောဆောင်ပြီး ရေရှည်ခံသောလုပ်နည်းကိုင်နည်းစနစ်တစ်ရပ် လိုအပ်လျက်ရှိသည်။

ကမ္ဘာကြီးသည် အံ့မခန်းပြောင်းလဲမှုများဖြစ်ပေါ်နေသည့်ခေတ်ကြီးသို့ရောက်ရှိပြီး နိုင်ငံပေါင်းစုံပါဝင်သော နိုင်ငံတကာအခင်းအကျင်းသို့ ရောက်ရှိပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ အာဏာအရွေ့ဖြစ်လာပြီး နိုင်ငံတကာအာဏာစုဖွဲ့မှုသည် ပြန်လည်ချိန်ညှိနေပြီဖြစ်သည်။ လာမည့်ဆယ်စုနှစ်တစ်ခု သို့မဟုတ် နှစ်ခုခန့်တွင် အန္တရာယ်များသော ရေပိုင်နက်များ၌ စိန်ခေါ်မှုများ ဖြစ်ပေါ်လာတော့မည်ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်အရေးတွင် ခိုင်မာသောအဖြေရှာနိုင်မည့် အဓိကသော့ချက်သည် ကိုရီးယားနှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အပြန်အလှန်အကျိုးစီးပွားကိုအလေးထားရန်နှင့် ဒေသတွင်းအေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမြင့်တင်နိုင်ရေးရှိးသားမှုကိုအခြေခံလျက် အတူတကွလုပ်ဆောင်သွားမည်ဆိုသော ခိုင်မာသည့် သန္နိဋ္ဌာန်ချမှတ်သွားရန်ပင်ဖြစ်သည်။

ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် အမြန်ဆုံးကြိုးပမ်းအကောင်အထည်ဖော်သွားရန် လိုအပ်သော်လည်း ပြည်လည်ပေါင်းစည်းခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခြင်းကဲ့သို့သော ကိုရီးယားနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို အခြေခံကျကျလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

ထိုအတောအတွင်း ထူးခြားသောပြဿနာများအတွက် ပြီးပြည့်စုံသောအဖြေရရှိရန် တစ်ဆင့်ချင်းဆောင်ရွက်သွားရမည်ဖြစ်သည်။ နျူကလီးယားလျှော့ချမှုဆိုင်ရာ လုပ်နည်းကိုင်နည်းများအပေါ် အလေးထားခြင်းသည် သီးသန့်ကိစ္စအတွက် သင့်တော်မှုရှိသော်လည်း ပိုမိုကျယ်ပြန့်သော နယ်ပယ်ကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပေသည်။ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးသွားရမည်ဖြစ်သည်။ အသစ်အသစ်သော စီမံဆောင်ရွက်မှုများလုပ်ဆောင်ပြီး စီးပွားရေးနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဖန်တီးသွားရမည်ဖြစ်သည်။

ဒေသတွင်းအခြေအနေကို ဆက်စပ်စဉ်းစားရာတွင် မတည်မငြိမ်ဖြစ်နေသော ဒေသတစ်ခုမှသည် အေးချမ်းဖွံ့ဖြိုးမှုရှိသော ဒေသအဖြစ်သို့ ပြောင်းလဲသွားရန် လိုအပ်သည်။ ဒေသတွင်းအင်အားကြီးနိုင်ငံများနှင့် ကုလသမဂ္ဂတို့က အာမခံချက်ပေးထားသည့် နျူကလီးယားကင်းမဲ့သော ကိုရီးယားကျွန်းဆွယ်သည် သင့်တော်သည့်ပန်းတိုင်ပင်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်ကို ထောက်ခံခြင်းသည် တရုတ်၊ ရုရှားနှင့်ဂျပန်တို့၏ အကျိုးစီးပွားလည်းဖြစ်သည်။

အမေရိကန်တွင် စစ်အေးကာလသဘောတရားများ၊ ခေတ်သစ်ကိုလိုနီတည်ဆောက်မှုများနှင့် စစ်ဘက်ဆိုင်ရာစက်မှုလုပ်ငန်းတို့သည် လက်တွေ့ကျသော အဖြေတစ်ရပ်ရရှိရေးအပေါ် ဆန့်ကျင်ကန့်ကွက်လျက်ရှိသည်။ ဒေသတွင်းတင်းမာမှုများ မြင့်တက်လာခြင်းသည် လက်နက်ရောင်းချမှုမှ ဒေါ်လာဘီလီယံများစွာရရှိစေမည့် အခွင့်အလမ်းများကို ကမ်းလှမ်းလျက်ရှိသည်။ အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေးစနစ်များ(TH-AAD) ရောင်းချပေးခြင်းအားဖြင့် မြောက်ကိုရီးယားနိုင်ငံကိုစောင့်ကြည့်နိုင်သကဲ့သို့ တရုတ်နှင့်ရုရှားပိုင်နက်နယ်မြေများကိုလည်း စောင့်ကြည့်ထောက်လှမ်းနိုင်မည်ဖြစ်သည်။

အမေရိကန်အနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် စစ်ဘက်ဖြန့်ကြက်ထားမှုသည် ရာစုနှစ် နှစ်ခုခန့်ရှိနေပြီဖြစ်သည်။ အရှေ့မြောက်အာရှပြဿနာများနှင့် စပ်လျဉ်း၍ အမေရိကန်အနေဖြင့် တရုတ်၊ ရုရှားတို့နှင့် အတူတကွပူးပေါင်း၍ အဖြေရှာဖွေနိုင်သလားဆိုသော မေးခွန်းများထွက်ပေါ်လျက်ရှိသည်။ စင်စစ်အားဖြင့် အမေရိကန်သည် လွန်ခဲ့သော ဆယ်စုနှစ် လေးခုခန့်ကတည်းက တရုတ်၊ ရုရှားတို့နှင့် သံခင်းတမန်ခင်းဆိုင်ရာဆက်ဆံရေး ဆုတ်ယုတ်လာလျက်ရှိသည်။ ထို့ပြင် အမေရိကန်နှင့်မြောက်ကိုရီးယားတို့၏ဆက်ဆံရေးမှာလည်း တိုးတက်မှုတစ်စုံတစ်ရာမျှ ထွက်ပေါ်ခဲ့ခြင်းမရှိပေ။ လက်ရှိအချိန်ထိ ဂျိုးဘိုင်ဒင်အစိုးရသည် အခြေအနေများတိုးတက်အောင် ဖန်တီးနိုင်စွမ်းမရှိသည့်အပြင် ပိုမို၍ပင် ဆိုးရွားလာစေလျက်ရှိသည်။

အမေရိကန်တွင် ကိုရီးယားကျွန်းဆွယ်နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများလုပ်ဆောင်ရန်ပျက်ကွက်ခြင်းသည် အရှေ့မြောက်အာရှနှင့် မြောက်ကိုရီးယားနိုင်ငံပါဝင်သည့် ဒေသတွင်းပေါင်းစည်းမှုဆိုင်ရာမျှော်မှန်းချက်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ လက်ရှိအချိန်ထိ ဂျိုးဘိုင်ဒင်အစိုးရသည် အပြုသဘောဆောင်သော သံခင်းတမန်ခင်းဆက်ဆံရေးကို စိတ်ပါဝင်စားမှုမပြသည့်အပြင် မြောက်ကိုရီးယားနိုင်ငံအပေါ် ရန်လိုသောရည်ရွယ်ချက်ကို ဆက်လက်စွဲကိုင်ထားလျက်ရှိသည်။ တောင်ကိုရီးယားနှင့်ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည်လည်း မြောက်ကိုရီးယားနှင့် ထိတွေ့ဆက်ဆံရေးကို အတားအဆီးဖြစ်ပေါ်စေလျက်ရှိသည်။

အမေရိကန်သမ္မတတစ်ဦးအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့်ဆက်ဆံရာတွင် လက်တွေ့ကျသောသံခင်းတမန်ခင်းဆက်ဆံရေး ထူထောင်နိုင်ရေးအတွက် လိုက်လျောညီထွေရှိပြီး အမြော်အမြင်ကြီးမားရန် လိုအပ်ပေသည်။ သာဓကအနေဖြင့် အမေရိကန်သည် ကိုရီးယားကျွန်းဆွယ်နျူကလီးယားအရေးကို ပိုမိုကျယ်ပြန့်သောနည်းလမ်းဖြင့် ချဉ်းကပ်သွားရန် လိုအပ်ပေသည်။ ဆိုလိုသည်မှာ အရှေ့မြောက်အာရှဒေသတွင် တရုတ်၊ ရုရှားနှင့် ဂျပန်တို့ကဲ့သို့သော အဓိကပါဝင်သူများကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပြီး နိုင်ငံပေါင်းစုံပါဝင်သော သံခင်းတမန်ခင်းဆက်ဆံရေးကို တိုးမြှင့်သွားရန်လည်း လိုအပ်ပေသည်။

တရုတ်နှင့်ရုရှားတို့သည် ကိုရီးယားကျွန်းဆွယ်အတွက် သံခင်းတမန်ခင်းဆိုင်ရာငြိမ်းချမ်းမှုလုပ်ငန်းစဉ်မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်သွားရန်လိုအပ်သည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း အပြုသဘောဆောင်သော ရပ်တည်ချက်ရှိရန်လိုအပ်သည်။ အမေရိကန်အနေဖြင့် လက်တွေ့ကျသော မူဝါဒထူထောင်သွားရန်လိုအပ်သည်။ မည်သို့ပင်ဆိုစေ အဓိကအင်အားကြီးနိုင်ငံများအကြား ခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှုသည် အရှေ့မြောက်အာရှဒေသတွင် အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို ခိုင်မာသေချာစေမည်ဖြစ်သည်။

စင်စစ်အားဖြင့် စစ်ပွဲဆိုသည်မှာ ကျိုးကြောင်းဆီလျော်စွာ ရွေးချယ်နိုင်သည့်အရာတော့မဟုတ်ချေ။ ထို့ကြောင့် အမေရိကန်အနေဖြင့် ကိုရီးယားကျွန်းဆွယ်အရေးနှင့် ဒေသတွင်းပြဿနာများ ဖြေရှင်းရာတွင် တိုးတက်မှုဖော်ဆောင်နိုင်ရေးအတွက် တရုတ်၊ ရုရှားတို့နှင့် အပြုသဘောဆောင်သော သံခင်းတမန်ခင်းဆက်ဆံရေး ထူထောင်သွားရန် လိုအပ်ပေသည်။

**❖ အမေရိကန်သမ္မတတစ်ဦးအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့်ဆက်ဆံရာတွင် လက်တွေ့ကျသော သံခင်းတမန်ခင်းဆက်ဆံရေး ထူထောင်နိုင်ရေးအတွက် လိုက်လျောညီထွေရှိပြီး အမြော်အမြင်ကြီးမားရန်လိုအပ်ပေသည်။ သာဓကအနေဖြင့် အမေရိကန်သည် ကိုရီးယားကျွန်းဆွယ်နျူကလီးယားအရေးကို ပိုမိုကျယ်ပြန့်သောနည်းလမ်းဖြင့် ချဉ်းကပ်သွားရန်လိုအပ်ပေသည်။ ဆိုလိုသည်မှာ အရှေ့မြောက်အာရှဒေသတွင် တရုတ်၊ ရုရှားနှင့် ဂျပန်တို့ကဲ့သို့သော အဓိကပါဝင်သူများကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုအပ်ပြီး နိုင်ငံပေါင်းစုံပါဝင်သော သံခင်းတမန်ခင်းဆက်ဆံရေးကို တိုးမြှင့်သွားရန်လည်း လိုအပ်ပေသည်။ ❖**

**ကိုးကား**

- **Two Koreas, One Peninsula By Beijing Review.**

# တပို့တွဲလပွဲတော်များနှင့် ဩဝါဒပါတိမောက်အခါတော်နေ့

## သာကီနွယ်(နတ်မောက်)

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရှိသည့်အနက် တပို့တွဲလသည် ဆယ့်တစ်လမြောက်ဖြစ်၏။ တပို့တွဲလသည် ကုံရာသီဖြစ်၍ ရာသီပန်းမှာ ပေါက်၊ လဲ၊ လက်ပံ၊ ဆူးပန်းများပွင့်၏။ ရာသီရုပ်မှာ အိုးထမ်းယောက်ျားရုပ်ဖြစ်၏။ မာယနက္ခတ်နှင့်စန်းယှဉ်၍ ရက်ရာဇာနေ့များသည် အင်္ဂါနှင့်ကြာသပတေးနေ့ ဖြစ်ကာ ပြဿဒါးနေ့များသည် တနင်္ဂနွေနှင့်တနင်္လာ ဖြစ်၏။ တပို့တွဲလသည် ဆောင်းဥတု၏နောက်ဆုံးလ လည်းဖြစ်၏။

တပို့တွဲလ၏ပွဲတော်များသည် မီးဖုန်းပွဲသဘင်နှင့် ထမနဲပွဲများဖြစ်၏။ တပို့တွဲလ၏အခါတော်နေ့သည် ဩဝါဒပါတိမောက်အခါတော်နေ့ဖြစ်၏။ တပို့တွဲလကို ပုဂံခေတ်ကျောက်စာများ၌ 'တပိုဝ်တွယ်' 'တပိုဝ်ထွယ်' 'တပိုဝ်တွဲ' 'တပိုတွဲ'ဟု အမျိုးမျိုးရေးထိုးကြ၍ ကာလပြောင်းလဲကာ 'တပို့တွဲလ' ဟု ခေါ်ဝေါ်ခြင်းဖြစ်၏။

ထို့ပြင် တပို့တွဲလတွင် တောင်သူလယ်သမားများ လယ်ယာကိစ္စများပြီးဆုံးပြီဖြစ်၍ ထမ်းပိုးတုံးများကို သိမ်းထား၊ ဆွဲထားသောလဖြစ်သောကြောင့် "ထမ်းပိုးဆွဲလ"ဟုခေါ်၍ ထိုမှတစ်ဆင့် "တပို့တွဲလ"ဟု ပြောင်းလဲ၍ ခေါ်ဝေါ်ခဲ့ကြောင်းကိုလည်း မှတ်သားရ၏။ တစ်နည်းအားဖြင့် ထန်းပင်မှထန်းဖူးထန်းခိုင်များသည် အောက်ဘက်သို့တွဲလျားကျ၍ ထန်းနင်းသောကာလဖြစ်သောကြောင့် "ထန်းပို့တွဲလ"မှ "တပို့တွဲလ" ဖြစ်လာကြောင်းကိုလည်း ဖတ်ရှုမှတ်သားရ၏။ ထန်းပင်ထန်းဖူးတို့မှ ထန်းရည်ရရန် ဤလတွင် ထန်းသမားများထန်းနင်းကြ၏၊ ထန်းတက်ကြ၏၊ ထန်းလှီးကြ၏။

တပို့တွဲလတွင် မြတ်စွာဘုရားရှင်သည် တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် တပို့တွဲလမှ တပေါင်းလသို့ အကူး ကြားရှစ်ရက်သည် အအေးဆုံးသောအချိန်ဖြစ်၏။ မည်မျှပင်အေးသည်ဖြစ်စေ မြတ်စွာဘုရားရှင်သည် ရဟန်းတော်တို့ကို မီးမလှုံရန် ပညတ်တော်မူထား၏။ မီးလှုံခြင်းကြောင့် မျက်စိမှုန်တတ်ခြင်း၊ အဆင်းပျက်တတ်ခြင်း၊ ခွန်အားဆုတ်ယုတ်တတ်ခြင်း၊ အပေါင်းအဖော်တို့နှင့်မွေ့လျော်တတ်ခြင်း၊ အကျိုးမရှိသောစကားများကို ပြောဆိုတတ်ခြင်းတို့ကြောင့် မီးမလှုံရန် တားမြစ်တော်မူခြင်းဖြစ်၏။ ထို့ကြောင့် ထိုကြားကာလရှစ်ရက်တွင် အအေးဒဏ်ကို ခံနိုင်၊ မခံနိုင် ကိုယ်တော်တိုင်စမ်းသပ်တော်မူခဲ့၏။ ညဉ့်သုံးယံ၏ပထမယံတွင် တစ်ထည်သောသင်္ကန်းဖြင့်နေတော်မူခဲ့၏။ ဒုတိယယံတွင် ဒုတိယသင်္ကန်းတစ်ထည်ကို ရုံတော်မူခဲ့၏။ တတိယယံတွင် တတိယသင်္ကန်းတစ်ထည်ကို ရုံတော်မူခဲ့၏။ အရုဏ်တက်ချိန်တွင် တတိယသင်္ကန်းကြီးကိုခေါက်၍ ရုံတော်မူခဲ့၏။ သို့ဖြင့် သင်းပိုင်၊ အပေါ်ရုံ ကိုယ်ဝတ်ကောသီ၊ နှစ်ခေါက်ခေါက်ထားသော ဒုကုဋ်သင်္ကန်းကြီးဟူသော ထိုသုံးထည်သောသင်္ကန်းတို့ဖြင့် နေတော်မူနိုင်သောကြောင့် ရဟန်းတို့ကိုလည်း တိစီဝရိတ်ခေါ် ထိုသုံးထည်သောသင်္ကန်းတို့ကို ဝတ်ရုံဆောင်ရန် ခွင့်ပြုတော်မူခဲ့၏။

မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ ဇရာဝဂ်၊ ရာဇဓမ္မသုတ်၌ မြတ်စွာဘုရားရှင်သည် နေစာလှုံကြောင်းကို ဖော်ပြပါရှိ၏။ မီးကင်သည်၊ မီးလှုံသည်ဟူ၍ မပါရှိပေ။ သို့သော်လည်း ရှေးမြန်မာလူမျိုးတို့သည် အေးသော တပို့တွဲလတွင် မြတ်စွာဘုရားရှင်အားရည်မှန်း၍ မီးပုံပွဲသဘင်ကို ကျင်းပပြုလုပ်ကြ၏။ ထိုမီးပုံပွဲသဘင်ကို မီးလှုံပွဲ၊ မီးမယ်ဖျူးပွဲ၊ မီးဖုန်းပွဲ၊ ထင်းမီးပူဇော်ပွဲ ဟုလည်း ခေါ်ဝေါ်ကြသေး၏။ မီးပုံပွဲဟူသည် "မီးဖုန်းပွဲ"ဟူသော ရှေးပေါရာဏစကားမှ ဆင်းသက်လာခြင်းဖြစ်၏။ မီးဖုန်း၏အဓိပ္ပာယ်သည် 'မီးဖုန်း'၌ 'ဖုန်း' သည် 'ပုည' ဟူသောပါဠိဘာသာမှလာ၍ "ကောင်းမှုကုသိုလ်" ဟုအဓိပ္ပာယ်ရ၏။ ထို့ကြောင့် မီးဖုန်းပွဲ ဟူသည် "မီးကုသိုလ်ပွဲ၊ မီးအလှူပွဲ"ဟူ၍ဖြစ်၏။

❖ ရှေးမြန်မာဘုရင်တို့သည် တပို့တွဲလတွင် မီးဖုန်းပွဲနှင့်အတူ ထမနဲပွဲကိုပါ နန်းတော်တွင်း၌ ရာသီပွဲအဖြစ် အစဉ်အလာမပျက်ကျင်းပခဲ့ကြ၏။ မင်းတုန်းမင်းလက်ထက်တွင် နန်းတော်တွင်း၌သာမက နေပြည်တော်တစ်ခုလုံး၌ပင် ကျင်းပပြုလုပ်ခဲ့ကြောင်းကို လေ့လာမှတ်သားရ၏။ မြန်မာတို့သည် ဆယ့်နှစ်လတွင်လပြည့်နေ့များကို အခါတော်နေ့များအဖြစ် သတ်မှတ်ခဲ့ရာ ဤတပို့တွဲလပြည့်နေ့ကိုလည်း "ဩဝါဒပါတိမောက်အခါတော်နေ့"အဖြစ် သတ်မှတ်ခဲ့ကြ၏။ ပါတိမောက်ဟူသည် "ပါတိမောက္ခ" ဟူသောပါဠိမှဆင်းသက်၍ "အပါယ်ဘေးမှ ကင်းဝေးစေသည်" ဟု အဓိပ္ပာယ်ရှိ၏။ ❖

တပို့တွဲလတွင် အလွန်အေးသောကြောင့် ဘုရားဆင်းတုတော်များရှေ့၌ မီးဖိုရန်၊ သက်ကြီးရွယ်အိုများမီးလှုံရန် နံ့သာထင်း၊ မီးမယ်ဖျူး (မီးအိုးကင်း) စသည်တို့ကို လှူဒါန်းပူဇော်သောပွဲဖြစ်၏။ မီးဖုန်းပွဲသဘင်နှင့်ပတ်သက်၍ ပုဂံမြို့စောလှဝန်းဘုရားကျောက်စာတွင် "မီးဖုန်း၊ သကြ်န်၊ စာရိယ်၊ ညောင်ရိယ်၊ ညောင်ရိယ်သွန်၊ မပြတ်စိတ်လျှင်တည်၏" ဟု ရေးထိုးထားသည်ကို ထောက်ရှုသောအားဖြင့် မီးဖုန်းပွဲသဘင်ကို ပုဂံခေတ်ကတည်းကပင် ကျင်းပပြုလုပ်ခဲ့ကြောင်း လေ့လာမှတ်သားရ၏။

ရှေးအခါကတည်းက မီးဖုန်း (မီးပုံး)ထင်းများ လှူဒါန်းလေ့ရှိကြောင်းကို "ပေါက်လဲပွင့်လှိုင်၊ လနှင့်-ပြိုင်က၊ ဘုန်းခိုင်မြတ်ဖျား၊ ကိုယ်တော်စားဟု၊ သုံးပါးရတနာ၊ မြတ်ရာရာဝယ်၊ သဒ္ဓါကြည်လင်၊ ပျော်မြူးရွှင်လျက်၊ သဘင်မီးပုံး၊ တပြုံးပြုံးသည်၊ ပြည်လုံးညွတ်တော့မည်ဘုရား" ဟူသော မြင်ခွာရွာစား၏ရတု၌ လေ့လာဖတ်ရှုမှတ်သားရ၏။

ရှေးအခါက တပို့တွဲလ၏ ရာသီပွဲတော်ဖြစ်သော မီးဖုန်းပွဲကို မြန်မာမင်းများကိုယ်တိုင်ဦးစီး၍ ခမ်းခမ်းနားနားကျင်းပပြုလုပ်လေ့ရှိကြောင်းကို လောကဗျူဟာကျမ်းတွင်လည်းဖတ်ရှုမှတ်သားနိုင်၏။ "ဤပွဲသဘင်ကို ဆင်ယင်ကျင်းပရာ၌ ဆောင်ရွက်ရမြဲထုံးစံမှာ လူ ၁၀၀၀ စု၍ နံ့သာထင်းခုတ်ပြီးလျှင် ထင်းစည်း ၁၀၀၀၊ မီးလင်းဖို ၁၀၀၀၊ ယာဂုအိုး ၁၀၀၀၊ ထမ်းစင် ၁၀၀၀ တို့ကိုစီမံပြီးလျှင် ဘုရားကျောင်းတန်ဆောင်းများ၌ မီးအပူဓာတ်ကို လှူဒါန်းပူဇော်ကြသည်"။ တပို့တွဲလ၏ ပွဲတော်တစ်ခုသည် ယာဂုအလှူပွဲခေါ် ထမနဲထိုးပွဲဖြစ်၏။ မီးပုံပွဲနှင့် ယာဂုအလှူပွဲသည် ဆက်စပ်နေ၏။ ထိုယာဂုအလှူပွဲဖြစ်ပေါ်လာပုံကို ဝိနည်းပိဋကၢ မဟာဝဂ္ဂပါဠိတော်၌ ဖော်ပြပါရှိ၏။

မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့်တကွ အန္ဓဝိန္ဒရွာသို့ ဒေသစာရီကြွချီတော်မူရာ ဇနပုဒ်၌ နေကုန်သောလူတို့သည် ဆန်၊ ဆီ၊ ဆား၊ ဆေးစသော လှူဖွယ်ဝတ္ထုတို့ကို လှည်းဖြင့်တင်၍ မြတ်စွာဘုရားရှင်ကြွချီတော်မူရာသို့လိုက်ပြီးလျှင် ဆွမ်းဘောဇဉ်အာဟာရတို့ဖြင့် ဆက်ကပ်လှူဒါန်းကြ၏။ ထိုအခါ ပုဏ္ဏားတစ်ယောက်သည် ထိုသို့ဆွမ်းလုပ်ကျွေးလိုပါသော်လည်း မိမိအလှည့်သို့ မရောက်နိုင်သောကြောင့် အရှင်အာနန္ဒာထံချဉ်းကပ်၍ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်အရှင်သူမြတ်တို့အား ယာဂုနှင့်တကွ ပျားသကာမုန့်ချိုတို့ကို ဆက်ကပ်ခွင့်ရပါမည့်အကြောင်း တောင်းပန်လျှောက်ထားခဲ့၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို ပြန်လည်လျှောက်ထားရာ ခွင့်ပြုတော်မူခဲ့၏။ ယာဂုဟူသည် ဆန်ပြုတ်ပင်ဖြစ်၏။ သို့သော်လည်း မောင်ထင်၏ "မြန်မာဆယ့်နှစ်လအကြောင်း" စာအုပ်၌ "လုံးတော်ဆရာတော်၏အာဘော်အရ မြတ်စွာဘုရားရှင်သည် လေနာနှိပ်စက်ခြင်းခံရလေသော် အရှင်အာနန္ဒာကို ယာဂုဆွမ်းခံချေဟု မိန့်တော်မူသဖြင့် မာတုဂါမတစ်ဦးထံအလှူခံရာ ထိုမာတုဂါမက ချင်းစိမ်း၊ ငရုတ်၊ ကြက်သွန်၊ နှမ်းတို့ဖြင့် စီရင်ထားသောယာဂုဆွမ်းကို ကပ်လေသဖြင့် လေနာငြိမ်းသည်ဟုဆိုသောကြောင့် "ယာဂုသည် ငရုတ်၊ ကြက်သွန်တို့ပါသော ဆန်ပြုတ်တစ်မျိုးဟု ယူဆနိုင်သည်"ဟု ဖော်ပြပါရှိ၏။

ထိုသို့ ယာဂုကျို၍ လှူဒါန်းခြင်းကိုပင် ယခုခေတ်၌ ထမနဲထိုးသည်ဟုဆို၏။ ကောက်ညှင်းထမင်းကို ထပ်ပြန်တလဲလဲ ကော်များ၊ ပတ်စာများကို နဲ့သကဲ့သို့ နဲ့ရသောကြောင့် ထမင်းနဲ့ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်၏။ ထိုထမနဲ့ဟူသောစကားနှင့်စပ်လျဉ်း၍ မောင်ထင်၏ စာအုပ်၌ "ထမနဲ (ဝါ) ထမင်းနဲ့ဟူသော စကားသည် (ကောက်ညှင်း) ထမင်းကိုနဲ့ခြင်းဟူသော အသုံးအနှုန်းမှဖြစ်ပေါ်လာသည်။ ရှေးအရေးအသားအချို့တွင် ထမင်းနဲ့ဟူ၍ပင်ရေးကြသည်။ အချို့ကလည်း နှမ်းကို ကဲ၍ထည့်ခြင်းကြောင့် နှမ်းမနဲ့ ဟူ၍လည်း ခေါ်ဝေါ်ကြောင်းဆိုကြသည်။" ဟု ဖော်ပြပါရှိ၏။ ထိုနှမ်းမနဲ့ထိုးပုံထိုးနည်းကို

"ထမနဲ ထိုးရန်ဖို့
စာချိုးလို့မှာခဲ့မယ်။
တစ်စိတ်ဆန် သည်ကောက်ညှင်းရယ်နှင့်
တစ်ပိဿာ ဆီအမှန်သွင်းပါလို့
ချင်း(ဂျင်း)က သုံးဆယ်။
မြေပဲဖြူ လျှော်တစ်ခွက်ကယ်နှင့်
အုန်းသီးဆန် အတူဖက်ပါလို့
နှမ်းမပျက် ဤနည်းနှယ်
ရေစင်ကြည်ပ ထည့်ရှိုး ။
လက်နှစ်သစ်သာပ
တွက်စစ်ကာ ချိန်ဆယ်သားရယ်နှင့်
ရောနှောကာ လူအများတို့ရယ်
အားစိုက်လို့ထိုး။" ဟူ၍ မန်လည်ဆရာတော်က ရေးစပ်ခဲ့ကြ၏။

ထမနဲပွဲသည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ခေတ်အဆက်ဆက် ကျင်းပလာသောပွဲဖြစ်၏။ ထမနဲပွဲကို ညောင်ရမ်းခေတ် (ဒုတိယအင်းဝခေတ်) နောက်ပိုင်းတွင် အစောဆုံးတွေ့ရကြောင်းမှတ်သားရ၏။ ဒုတိယအင်းဝခေတ် တနင်္ဂနွေမင်းလက်ထက်တွင် ထင်ရှားသောဆီသည်ရွာစား စာဆိုတော်ဦးအောင်ကြီး၏ တပို့တွဲလဘွဲ့လူးတားတွင် "ရပ်ရှစ်မျက်နှာ၊ သံဃာတို့အား၊ ဆယ်ပါးဝတ္ထု၊ ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံးသဘင်၊ သူကြီးယင်သည်၊ ရောက်ချင်နီဗ္ဗာန် ကျွန်းတည့်လေး"ဟူ၍ စပ်ဆိုရေးသားထား၏။ ထို့ပြင် အင်းရုံဝန်ကြီးရေးသားသည့် လောကဗျူဟာကျမ်းတွင်လည်း "ကျီဝန်က ယာဂုအိုး ၁၀၀၀၊ ထမ်းစင် ၁၀၀၀ နှင့် မယ်ဖျူး ၁၀၀၀ ကို သွေးသောက်စု မြင်းတော်သည် ရွှေပန်းပန်တို့ ကြပ်မတ်၍ လှူမြဲကျောင်းမှာ တင်လှူသည်"ဟူ၍ ဖတ်ရှုမှတ်သားရပြန်၏။ အထက်ပါအကြောင်းအရာများကို ထောက်ရှုသောအားဖြင့် ညောင်ရမ်းခေတ် (ဒုတိယအင်းဝခေတ်)တွင် ထမနဲပွဲကို မီးဖုန်းပွဲနှင့်အတူကျင်းပနေပြီဖြစ်ကြောင်း လေ့လာမှတ်သားရပါ၏။

ရှေးမြန်မာဘုရင်တို့သည် တပို့တွဲလတွင် မီးဖုန်းပွဲနှင့်အတူ ထမနဲပွဲကိုပါ နန်းတော်တွင်း၌ ရာသီပွဲအဖြစ် အစဉ်အလာမပျက်ကျင်းပခဲ့ကြ၏။ မင်းတုန်းမင်းလက်ထက်တွင် နန်းတော်တွင်း၌သာမက နေပြည်တော်တစ်ခုလုံး၌ပင် ကျင်းပပြုလုပ်ခဲ့ကြောင်းကို လေ့လာမှတ်သားရ၏။ မြန်မာတို့သည် ဆယ့်နှစ်လတွင်လပြည့်နေ့များကို အခါတော်နေ့များအဖြစ် သတ်မှတ်ခဲ့ရာ ဤတပို့တွဲလပြည့်နေ့ကိုလည်း"ဩဝါဒပါတိမောက် အခါတော်နေ့" အဖြစ် သတ်မှတ်ခဲ့ကြ၏။ ပါတိမောက်ဟူသည် "ပါတိမောက္ခ" ဟူသောပါဠိမှဆင်းသက်၍ "အပါယ်ဘေးမှ ကင်းဝေးစေသည်"ဟု အဓိပ္ပာယ်ရှိ၏။ ပါတိမောက်သည် ဩဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိ၏။ မြတ်စွာဘုရားရှင်အဆုံးအမဩဝါဒများကို ဩဝါဒပါတိမောက်ဟုခေါ်၏။ မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာပုဒ်တော်များကို အာဏာပါတိမောက်ဟုခေါ်၏။ ဩဝါဒပါတိမောက်သည် သုံးဂါထာမျှသာရှိ၏။ အာဏာပါတိမောက်သည် အကျဉ်းအားဖြင့် ၂၂၇ သွယ်ရှိ၍ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်ရှိ၏။

မြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ အတွင်း၌ အာဏာပါတိမောက်ကို ပညတ်တော်မမူပေ။ ဩဝါဒပါတိမောက်ဖြင့်သာလျှင် ဆုံးမတော်မူ၏။ ထိုဩဝါဒပါတိမောက်ကိုလည်း တပို့တွဲလပြည့်နေ့တွင် ပညတ်တော်မူခဲ့၏။ ထို့ကြောင့် တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ဟူ၍ သတ်မှတ်ကြခြင်းဖြစ်၏။ တပို့တွဲလပြည့်နေ့တွင် ထူးခြားချက်များရှိသေး၏။ တပို့တွဲလပြည့်နေ့၌ ရှင်သာရိပုတ္တရာသည် အာသဝေါကုန်ခန်း၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့၏။ ဤတပို့တွဲလပြည့်နေ့တွင် ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလ္လာန်တို့နှစ်ပါးစလုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိခဲ့ကြ၏။ ဇေဟိဘိက္ခု ဆဋ္ဌဘိည ပဋိသမ္ဘိဒါပတ္တ မထေရ်အပေါင်းတို့သည် တပို့တွဲလပြည့်နေ့တွင် မပင့်မဖိတ်ရဘဲ သံဃာ့ညီလာခံသဘင်၌ စည်းဝေးမိပြီး ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ကြ၏။ ထိုသို့ ပြတော်မူခဲ့ကြသည်ကိုအကြောင်းပြု၍ တပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့ဟူ၍ ခေါ်ဝေါ်ခဲ့ခြင်းဖြစ်၏။

ထို့ကြောင့် တပို့တွဲလသည် ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးတို့နှင့် အလွန်ဆက်စပ်နေသည်ဟူ၍ ဆိုခြင်းဖြစ်၏။ တပို့တွဲလတွင် မီးပုံသဘင်ပွဲ၊ ယာဂုအလှူပွဲဟုခေါ်သော ထမနဲပွဲ၊ ဩဝါဒပါတိမောက်အခါတော်နေ့ စသည်ဖြင့် ထူးခြားဆန်းကြယ်လှ၏။ ယူတတ်မည်ဆိုပါလျှင် ကုသိုလ်ရဖွယ်ချည်းဖြစ်၏။ ထို့ကြောင့် တပို့တွဲလတွင် မြတ်စွာဘုရားရှင်ကို ထင်းမီးပူဇော်၍လည်းကောင်း၊ ထမနဲဆွမ်းဖြင့် ပူဇော်၍လည်းကောင်း၊ ဩဝါဒပါတိမောက်အခါတော်နေ့တွင် မြတ်စွာဘုရားရှင် ဆုံးမတော်မူသည့် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား၊ ဘုရားအဆူဆူ၊ ဟောတော်မူ၊ မှတ်ယူလိုက်နာပွား။"ဟူသော အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်ကြ၍လည်းကောင်း ကုသိုလ်တရားများ တိုးပွားပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဝေါဟာရလီနတ္ထပ္ပကာသနီ(မဟာစေယျသင်္ခယာ)။**
- **မြန်မာဆယ့်နှစ်လအကြောင်း(မောင်ထင်)။**

# ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/ တင်သွင်းခြင်းကို **၁၈-၂-၂၀၂၄ ရက်နေ့** (အစား) **၂၅-၂-၂၀၂၄ ရက်နေ့**အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


## ကောဇာကြိုဟ်စီးကြိုဟ်မြင် သုတေသနကျမ်း



ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

စာအုပ်
စာပေ
လူ့မိတ်ဆွေ


“အဂတိပယ်ရှား ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၃၆ ဧကထိ စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၁၁၃၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ဧက ၄၃၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၁၁၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ နွေစပါး ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ နွေစပါး ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေပါတယ်”ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲရန်၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဧပြီလထိ စိုက်ပျိုးခဲ့ရာ နွေစပါး ၃၁၇၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် ညောင်ဝန်းကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သလဲဦးကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူ၊ ဒုတိယဦးစီးမှူး ဦးဟိန်းထက်ကျော်နှင့် ဝန်ထမ်းများသည် သလဲဦးကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာတွင် သစ်သားမီးတိုင်မှ ကွန်ကရစ်မီးတိုင် လဲလှယ်စိုက်ထူခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၇၂၅၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

# ရတနာပုံ ခန်းမ



ခန်းမလှေဝင်ဆံ့မှုလူဦးရေ(၁၂၀၀) (စားပွဲဝိုင်းဖြင့်) ဖြစ်ပြီး အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက် လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ ဂီတဖျော်ဖြေပွဲများ၊အလှမာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း – ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉

## ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

## နဲ့ ဖြည့်စွမ်းထား





ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

**မန္တလေး**

# တင်ဒါခေါ်ယူခြင်း

၁။ ရွှေမိုက်ထုတ်ခြင်းလုပ်ငန်းအား တင်ဒါတင်သွင်း လျှောက်ထားနိုင်ပါရန်-

(က) ရွှေမိုက်ကုန်ကြမ်းစုစုပေါင်းအလေးချိန် = ၆၀၀ ပိဿာ

(ခ) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် = ၂၂-၂-၂၀၂၄ ရက်

(ဂ) လျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် = ၂၇-၂-၂၀၂၄ ရက်နေ့ရက်

(ဃ) လျှောက်လွှာ(၁)စောင်ဈေးနှုန်း = ကျပ် ၁၀,၀၀၀/-

၂။ တင်ဒါလျှောက်လွှာပုံစံကို မဟာမုနိဂေါပကအဖွဲ့ရုံး၊ အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူ/တင်သွင်းရန်နှင့် အသေးစိတ်အချက်အလက် သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၇၉၇၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

**ရန်သူ**

**မီးဘေး**

**တားဆီးရေး**

**မနေး**

**ဆောင်ရွက်ကြ**

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန

## ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ

- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ် လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူသက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်၊
- ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါ်အစီခံ (Filter) မပါဘဲတိုက်ရိုက် ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍ အန္တရာယ်ကြီးမားပါသည်၊









- တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့ အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများ တွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ ပညာရေး နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်၊

- ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်၊
- နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင် ပမာဏ ပြန်တက်လာပါမယ်၊
- နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်၊
- ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများ ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်၊





လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန

အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ အုပ်ချုပ်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများထုတ်လုပ်ခြင်း၊ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များဆောင်ရွက်ကြခြင်း ဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည် ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန်မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


၃။ **လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Andrey Rudenko တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၁၇ ကော်လံ ၂**☆

